မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၃] ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် (၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်) } သောကြာနေ့ [အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတွင် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျော့ကျစေရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နေကြာအပါအဝင် ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်ရန် လိုအပ်သကဲ့သို့ အရည်အသွေးကောင်း စားသုံးဆီများထုတ်လုပ်ရန် အဆင့်မီ ဆီစက်များလိုအပ်နေပါသဖြင့် ပြည်တွင်းဆီစက်များကို အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် **ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဋ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(ဌ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်း

(ဍ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း

(ဎ) ဦးဆောင်ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဏ) ဦးဆောင်ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
မြန်မာ့စီးပွားရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံရှိ ဆီစက်များ အဆင့်မြှင့်တင်ရန်အတွက် အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ရန်နှင့် ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်နိုင်ရန် လိုအပ်သော ချေးငွေထုတ်ချေးနိုင်ရေး ရန်ပုံငွေ တောင်းခံခြင်း၊ စိစစ်ခြင်းနှင့် ခွင့်ပြုပေးခြင်း၊

(ခ) ချေးငွေစီမံခန့်ခွဲမှုအတွက် လိုအပ်သော ချေးငွေစံသတ်မှတ်ချက်များ (Loan Criteria)၊

(ဂ) ချေးငွေပမာဏ၊ အတိုးနှုန်းနှင့် သက်တမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ညှိနှိုင်း သဘောတူညီချက်အရ သတ်မှတ်ပေးခြင်း၊

(ဃ) ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management) ဆိုင်ရာ သတ်မှတ်ချက်ဘောင်များ (Parameters) ကြိုတင်ရေးဆွဲသတ်မှတ်ပေးခြင်း၊

(င) ချေးငွေအား ထိရောက်စွာအသုံးချမှု ရှိမရှိ အပေါ် စိစစ်ကြီးကြပ်ရေးနှင့် ချေးငွေပြန်လည်ပေးဆပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ သတ်မှတ်ချက်များရေးဆွဲ၍ စောင့်ကြည့်လေ့လာသုံးသပ်ခြင်း (Monitoring and Evaluating)၊

(စ) ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ပြုစုတင်ပြခြင်း။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သည် လိုအပ်ပါက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ခွဲများအား တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဖွဲ့စည်း၍ မြေပြင်ကွင်းဆင်းစိစစ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သလို တာဝန် ပေးအပ်နိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယင်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး/ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

| | | |
|---|---|---|
| (င) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (စ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ပ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

(ဖ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)

(ဗ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဘ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

(မ) ဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(ယ) နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ　အဖွဲ့ဝင်
ကိုယ်စားလှယ် (၁) ဦးစီ

(ရ) ဌာနကြီးမှူး　အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(လ) ရဲချုပ်　အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဝ) တပ်ဖွဲ့မှူး　တွဲဖက်အတွင်းရေးမှူး
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့အား လမ်းညွှန်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့်အခြေခံအချက်အလက်များ ရရှိနိုင်ရေး အတွက်လည်းကောင်း ကျွမ်းကျင်သူများပါဝင်သည့် သုတေသနလုပ်ငန်းအဖွဲ့များ၊ လေ့လာစိစစ်ရေးနှင့် အကဲဖြတ်အဖွဲ့များ၊ အခြားလိုအပ်သောအဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လူကုန်ကူးမှုများဖြစ်ပွားရသည့်အကြောင်းရင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သတိပြုလာစေရေးအတွက် အသိပညာပေးအစီအစဉ်များကို စီစဉ်ဆောင်ရွက် ပေးခြင်း၊

( င ) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေးအရာရှိများအား ခေတ်မီနည်းပညာများဖြင့် လေ့ကျင့်သင်ကြားရေး၊ အခြားနိုင်ငံများမှ ကျွမ်းကျင်သူများနှင့် နည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

( စ ) လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးအတွက် ကြိုတင်ကာကွယ်ရေးစီမံချက်များ၊ အစီအစဉ်များချမှတ်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံဖြတ်ကျော်၍ တရားမဝင်ရွှေ့ပြောင်းသွားလာမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများမှ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး အာဏာပိုင်များအချင်းချင်း သတင်းဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဇ ) လူကုန်ကူးခံရသည့် အမျိုးသား၊ အမျိုးသမီး၊ လိင်ဝိသေသထူးခြားသူများနှင့် ကလေးသူငယ်များ၏ ကာယိန္ဒြေစောင့်ထိန်းမှု၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ယင်းတို့၏အကျိုးအတွက် အလေးဂရုပြုဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေအရ ရန်ပုံငွေတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များတွင် တရားခံလွှဲပြောင်းရေးနှင့် နိုင်ငံအချင်းချင်းအကူအညီပေးရေးတို့ကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဋ ) ဤဥပဒေအရ တရားမစွဲဆိုမီ သက်သေခံအဖြစ် သိမ်းဆည်းထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို လိုအပ်ပါက ချိပ်ပိတ်ထားရန်နှင့် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် ညွှန်ကြားခြင်း၊

( ဌ ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

( ဍ ) လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်ငြိစွန်းသည့် ပြစ်မှုကျူးလွန်သော လူကုန်ကူးခံရသူအားစိစစ်ပြီး ၎င်းအားအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အရေးယူရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

( ဎ ) လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် အကူအညီပေးရေးလုပ်ငန်းများအတွက် အစီအမံများ ချမှတ်ပေးခြင်း၊

(ဏ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းတာဝန်များ၊ တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းများနှင့်သက်ဆိုင်သော လိုအပ်သည့် စံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures–SOP) ကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(တ) လူကုန်ကူးမှုများတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများအတွက်လည်းကောင်း၊ လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်ပါက ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ

အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ထ) လူကုန်ကူးမှုကျူးလွန်သူတရားခံများကို တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လွှဲပြောင်းရေးအတွက် လည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဒ ) ဤဥပဒေအရ စုံစမ်းစစ်ဆေးပြီး အရေးယူသောပြစ်မှုတွင် သတင်းပေးသူနှင့် စုံစမ်းစစ်ဆေးအရေးယူမှုတွင် ထူးခြားပြောင်မြောက်စွာဆောင်ရွက်သည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုချီးမြှင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

( ဓ ) ဗဟိုအဖွဲ့၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း၊

( န ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း၊

( ပ ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၁၅/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ယောဟန်ထွန်း | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၂) ပါမောက္ခ ဒေါက်တာ ဌေးဌေးတင် | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၃) ဦးထွန်းမြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၀၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးဇာလီစံ<br>တ/၃၁၄၄ | မရမ်းကုန်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးသော်ဇင်လင်း<br>တ/၃၂၃၁ | ထန်းတပင်<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးထက်ဦးလွင်<br>တ/၃၃၆၈ | မင်္ဂလာဒုံ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဒေါ်မြင့်မြင့်ဆွေ<br>တ/၃၃၉၉ | လှိုင်သာယာ (အရှေ့ပိုင်း)<br>ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးမျိုးသူရထွန်း<br>တ/၃၄၇၉ | ပျော်ဘွယ်<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**ရခိုင်ပြည်နယ်စားသုံးသူရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးနိုင်ရန်တို့အတွက် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အဖွဲ့ဝင် (၇) ဦးပါဝင်သော ရခိုင်ပြည်နယ်စားသုံးသူရေးရာကော်မတီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး (အဖွဲ့ဝင်) အား ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ပြီး ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌတို့အား အဖွဲ့ဝင်များအဖြစ် ထည့်သွင်း၍ အဖွဲ့ဝင် (၉) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ပွင့်ဆန်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

**မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်**

**အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး **အစား** ဦးသန်းဆွေဝင်း၊ အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးကို အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဒေါက်တာ ဋ္ဌေးအောင်

ဥက္ကဋ္ဌ

ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂) အရ ဖွဲ့စည်းခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး (သစ်တော/ပတ်ဝန်းကျင်)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး<br>ဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး<br>ဖော်ဆောင်မှုဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| (ဆဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ဇ ဇ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ညည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ဋ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ဌ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ဍ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ဎ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏဏ) | အထွေထွေမန်နေဂျာ<br>မြန်မာ့သစ်လုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တတ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထထ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ဒ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ခ ခ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န န ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ပ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဖ ဖ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဗ ဗ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘဘ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( မ မ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယယ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ရ ရ ) | ကိုယ်စားလှယ် (၁) ဦး<br>အရပ်ဘက်လူမှုအဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (လလ) | ကိုယ်စားလှယ် (၁) ဦး<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများ | အဖွဲ့ဝင် |
| ( ဝ ဝ ) | ကိုယ်စားလှယ် (၁) ဦး<br>ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (သသ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဟဟ) | ညွှန်ကြားရေးမှူး (မူဝါဒ)<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

(၂) **လုပ်ငန်းတာဝန်များ**

(ကက) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကဏ္ဍအလိုက် မူဝါဒများတွင် ထည့်သွင်းပေါင်းစပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် လိုအပ်သော မူဝါဒများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် စိစစ်သုံးသပ်တင်ပြခြင်း၊ အခြားသက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများအတွက် အကြံပြုချက်များ တင်ပြခြင်း၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုဆိုင်ရာမူဝါဒ၊ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များ အရ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာန၏ လုပ်ငန်းစီမံကိန်း ရည်မှန်းချက်များနှင့် ဘဏ္ဍာရေးလျာထားချက်များတွင် ထည့်သွင်းရေးဆွဲနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃဃ) ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ငင) စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စစ) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုလျှော့နည်းသည့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဆဆ) သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာ အသုံးပြုနိုင်ရန် သက်ဆိုင်ရာဌာနများ၏ နှစ်တို/နှစ်ရှည်စီမံကိန်းများ ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇဇ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရေး၊ ဇီဝလုံခြုံရေး၊ မျိုးရိုးဗီဇအရင်းအမြစ်များ စနစ်တကျအသုံးချရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဈဈ) မြေအသုံးချမှုမှန်ကန်ရေး သဘာဝသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ ချမှတ်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ညည) ပွင့်လင်းရာသီတွင် တောမီးနှင့် အခြားမီးများကြောင့် Fire Hotspot များ ထိန်းချုပ်လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဒေသအလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်ရေး ကြီးကြပ်လမ်းညွှန်ခြင်း၊

( ၎ ၎ ) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအစီအမံများ ချမှတ်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ဌ ဌ ) ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးနှင့် ကဏ္ဍအလိုက်ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ ရှေ့အလားအလာများခန့်မှန်းခြင်းလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဍ ဍ ) ပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဖြေရှင်းခြင်း၊

( ဎ ဎ ) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး လိုအပ်သည့် အစီအစဉ်များ ချမှတ်နိုင်ရန်ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဏဏ) ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းစနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(တတ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်တည်ထောင်ရန် လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ထထ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ ပြည်တွင်း ပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ လက်ဆောင်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဒ ဒ ) မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိသည့်ပတ်ဝန်းကျင်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် အခြားဆက်စပ်ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဓ ဓ ) ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် ပညာသင်ကြားရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

( န န ) ကျောင်းသင်ခန်းစာများတွင် ပတ်ဝန်းကျင်ဆိုင်ရာ သင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုတင်ပြခြင်း၊

( ပ ပ ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ဖ ဖ ) ကော်မတီမှပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

( ၁ ) **စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး (သတ္တု)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ခ ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င င ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ စ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ဇ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ညည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ဋ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ဌ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဍ ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ ဎ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တတ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထထ) | ကိုယ်စားလှယ်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဒ ဒ) | ကိုယ်စားလှယ်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဓ ဓ) | ကိုယ်စားလှယ်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (န န) | ကိုယ်စားလှယ် (၁) ဦးစီ<br>တိုင်းဒေသကြီးနှင့် ပြည်နယ်<br>စည်ပင်သာယာရေးအဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (ပ ပ) | ကိုယ်စားလှယ် (၁) ဦးစီ<br>စက်မှုဇုန်များ (ရန်ကုန်၊ မန္တလေး) | အဖွဲ့ဝင် |
| (ဖ ဖ) | ကိုယ်စားလှယ် (၁) ဦးစီ<br>အထူးစီးပွားရေးဇုန်များ (သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်) | အဖွဲ့ဝင် |
| (ဗ ဗ) | ကိုယ်စားလှယ် (၁) ဦး<br>အရပ်ဘက်လူမှုအဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (ဘဘ) | ကိုယ်စားလှယ် (၁) ဦး<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (မ မ) | ကိုယ်စားလှယ် (၁) ဦး<br>ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (ယယ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ရရ) ညွှန်ကြားရေးမှူး (ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေး) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

(၂) **လုပ်ငန်းတာဝန်များ**

(ကက) ပတ်ဝန်းကျင်အရည်အသွေးထိန်းသိမ်းရေးနှင့် မြင့်တင်နိုင်ရေးအတွက် ပတ်ဝန်းကျင် ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးဆွဲ၍ လိုက်နာဆောင်ရွက် နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ခခ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့် အခိုးအငွေ့များကြောင့် လေ၊ ရေနှင့် ပတ်ဝန်းကျင်အရည် အသွေးမထိခိုက်စေရန် စနစ်တကျထိန်းချုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မရှိစေရေးအတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း အပါအဝင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာ နှစ်တို/နှစ်ရှည် လုပ်ငန်း အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဂဂ) စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြဒေသ ပတ်ဝန်းကျင်အရည်အသွေးကောင်းမွန်ရေး နှင့် ရေရှည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များ ချမှတ် နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဃဃ) အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်ပျက်စီး မှုများနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ဖ (စ) အရ ဆောင်ရွက်နိုင်ရေးအတွက် စိစစ်တင်ပြရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ငင) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးမြှင့်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေး အတွက် အစီအမံများချမှတ်နိုင်ရန် တိုးမြှင့်ဆောင်ရွက်ခြင်း၊

(စစ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံး လုပ်နည်း၊လမ်းညွှန်ချက်၊စည်းကမ်းချက်များနှင့်အညီသက်ဆိုင်ရာစီမံကိန်းလုပ်ငန်းများ လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊ ဘက်စုံစောင့်ကြပ် ကြည့်ရှုစစ်ဆေးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဆဆ) စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ်တည်ထောင်နိုင်ရေး ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဇဇ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသများ၏ စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ပြည်တွင်း ပြည်ပမှ ဘဏ္ဍာငွေအထောက်အပံ့များနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈဈ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ စွန့်ပစ်ဒြပ်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိဓာတုပစ္စည်းများထားရှိထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများဖြစ်သည့်

စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်း၊ မီနာမာတာကွန်ဗင်းရှင်းနှင့် အခြားဆက်စပ်ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ညည) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူတို့ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

( ဋ ဋ ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးကို အလေးထားစဉ်းစားဆောင်ရွက်ရေး၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေမည့် မြို့ပြလူနေထိုင်မှုစနစ်တည်ထောင်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

( ဌ ဌ ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ဍ ဍ ) ကော်မတီမှပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂။ ယခင်ကထုတ်ပြန်ခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ခင်မောင်ရီ

ဥက္ကဋ္ဌ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

### ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ အဖွဲ့ဝင် (၃) ဦး ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၂၂ ရှိ အပိုဒ် (၂) ပါ ဖော်ပြချက်အရ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သည့်

ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီတွင် လုပ်ငန်းလိုအပ်ချက်အရ အောက်ပါအဖွဲ့ဝင် (၃) ဦးကို ယှဉ်တွဲပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးမောင်မောင်အောင်<br>အထွေထွေမန်နေဂျာ<br>ကုန်းလမ်းပို့ဆောင်ရေး | **အစား** | ဦးထွန်းလင်းစိုး<br>ဒုတိယအထွေထွေမန်နေဂျာ<br>ကုန်းလမ်းပို့ဆောင်ရေး |
| ( ခ ) | ဦးမြင့်ဇော်<br>ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်း<br>ရောင်းဝယ်ရေးလုပ်ငန်း | **အစား** | ဦးတိုးတိုး<br>ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်း<br>ရောင်းဝယ်ရေးလုပ်ငန်း |
| ( ဂ ) | ဦးအောင်သူလတ်<br>အထွေထွေမန်နေဂျာ<br>မြန်မာ့မီးရထား | **အစား** | ဦးသက်စိုး<br>ဒုတိယအထွေထွေမန်နေဂျာ<br>(ခရီးသည်) မြန်မာ့မီးရထား |

ဦးကိုကို
ဥက္ကဋ္ဌ
(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး
ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၂ ခုနှစ်၊ အကောက်ခွန်လွှဲအပ်မှုအမှတ် – ၁**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| ဒေါ်ခင်သီတာဦး၊<br>၈/ရစတ (နိုင်) ၁၂၅၈၀၂၊<br>နယ်မြေ (၁၀)၊ သီတာလမ်း၊<br>အုတ်တံတားရပ်ကွက်၊ ရပ်စောက်မြို့။ | နှင့် | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး<br>အကောက်ခွန်ဦးစီးဌာန၊ တောင်ကြီးမြို့။ |
| လျှောက်ထားသူအတွက် လိုက်ပါ<br>ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးစိုးညွန့်သူ၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါ<br>ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးအောင်ကိုသန်း၊<br>လက်ထောက်ညွှန်ကြားရေးမှူး၊<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့် ရက်စွဲ | – | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်။ |

## စီရင်ချက်

အမှုမှာ ၁၆-၁၀-၂၀၁၉ ရက်နေ့ (၁၀း၃၀) နာရီ အချိန်ခန့်တွင် ဟိုပုံးမြို့မှ တောင်ကြီးမြို့သို့ ယာဉ်မောင်း ဦးစိုင်းကိုကိုညွန့် မောင်းနှင်လာသည့် ယာဉ်အမှတ် (9N/3256)၊ FOTON TOANO, Mini Bus အား တောင်ကြီးမြို့ လေးမိုင်သစ်တောစစ်ဆေးရေးဂိတ်တွင် စစ်ဆေးရာ Ammonium Nitrate Mixture 50% (၈၀) အိတ်ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် အခင်းဖြစ်အဆိုပါ ပစ္စည်းများတင်ဆောင်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်အား ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ မြို့နယ်အကောက်ခွန် ဦးစီးဌာန၊ တောင်ကြီးမြို့မှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းကို ကျေနပ်မှုမရှိသဖြင့် လျှောက်ထားသူ ဒေါ်ခင်သီတာဦးက အခွန်အယူခံခုံအဖွဲ့သို့ အကောက်ခွန်အယူခံမှုအမှတ် ၆၉/၂၀၁၉၊ အကောက်ခွန် ပြင်ဆင်မှု အမှတ် ၁/၂၀၂၀ နှင့် အကောက်ခွန် ပြန်လည်သုံးသပ်မှုအမှတ် ၁၆/၂၀၂၁ တို့ဖြင့် အဆင့်ဆင့်လျှောက်ထား တင်ပြခဲ့ပါသည်။ အကောက်ခွန်ပြန်လည်သုံးသပ်မှုအမှတ် ၁၆/၂၀၂၁ နှင့်စပ်လျဉ်း၍ ၁-၂-၂၀၂၂ ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်အမိန့်တွင်ပါရှိသည့် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်အချက်များနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် လျှောက်ထား လာသည့်အမှု ဖြစ်ပါသည်။

စုံညီခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ရုံးတော်ရှေ့မှောက် လက်ခံ ကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးစိုးညွန့်သူ မှ လျှောက်လဲတင်ပြ ရာ၌ လျှောက်ထားသူသည် သိမ်းဆည်းခံထားရသည့် မော်တော်ယာဉ်ကို မန်းမေတ္တာကုမ္ပဏီမှ အရစ်ကျ ငွေပေးသွင်း၍ ဝယ်ယူထားခြင်းဖြစ်ပြီး ခရီးသည်သယ်ယူပို့ဆောင်ခွင့် လုပ်ငန်းလိုင်စင် (ခ) ဖြင့် ဖွဲ့မာန်ယာဉ် အသင်းတွင် “တောင်ကြီး-လားရှိုး၊ တောင်ကြီး-ရပ်စောက်” ပြေးဆွဲသည့် အသင်းဝင်ကားဖြစ်ပါကြောင်း၊ ရပ်စောက်မြို့နယ်၊ ပင်ဖြစ်စံပြကျေးရွာနေ ဦးစိုင်းကိုကိုညွန့် ဆိုသူက ၁-၈-၂၀၁၉ ရက်နေ့မှစ၍ ခေါက်ကြေးဖြင့် စာချုပ်ချုပ်ဆိုပြီး ငှားရမ်းမောင်းနှင် ပြေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ဦးစိုင်းကိုကိုညွန့် က ခေါက်ကြေးပေးပြီး မော်တော်ယာဉ်ကို မောင်းနှင်အသုံးပြုယာဉ်လိုင်း ပြေးဆွဲနေစဉ် တောင်ကြီးမြို့နယ်၊ မြို့နယ်အကောက်ခွန် ဦးစီးဌာနမှူးရုံးက ၁-၁၁-၂၀၁၉ ရက်နေ့တွင် လျှောက်ထားသူ၏ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိလက်ဝယ်မရှိသော၊ မိမိမသိနိုင်သော အခြေအနေတွင် ဖြစ်ပျက်ခဲ့သည့် ကိစ္စများဖြင့် လျှောက်ထားသူ၏ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံခဲ့ရ၍ မော်တော်ယာဉ် လက်လွတ် နစ်နာဆုံးရှုံးခဲ့ရပါသဖြင့် အကောက်ခွန် ပြန်လည်သုံးသပ်မှုအမှတ် ၁၆/၂၀၂၁ တို့ဖြင့် တက်ရောက် ခဲ့သော်လည်း အမိန့်စီရင်ချက် စာမျက်နှာ (၄) တွင် “မော်တော်ယာဉ်၏ ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သီတာဦး သည် အခင်းဖြစ်ကိစ္စကို သိရှိခြင်း၊ ပါဝင်ပတ်သက်ခြင်း မရှိသည်မှာ လက်ခံနိုင်ဖွယ်ရာရှိသော်လည်း အခင်းဖြစ်စဉ်က သက်သေခံပစ္စည်းများကို ယာဉ်ဖြင့် သယ်ဆောင်လာသူမှာ ဦးစိုင်းကိုကိုညွန့် ဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ဦးစိုင်းကိုကိုညွန့် သည် အခင်းဖြစ်စဉ်က ယာဉ်နှင့်စပ်လျဉ်း၍ ယာဉ်ပိုင်ရှင်ကိုယ်စား တိုက်ရိုက်တာဝန်ခံသူ တစ်နည်းအားဖြင့် အခင်းဖြစ်ချိန်တွင် ယာဉ်ကို စီမံခန့်ခွဲခွင့်ရှိသူဖြစ်ကြောင်း” သုံးသပ်ပြီး မူလချမှတ်ခဲ့သည့် အမိန့်များကို အတည်ပြုခဲ့ပါကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ညွှန်ကြားချက်အမှတ် ၇၆/၉၉ ၏ အပိုဒ် ၄ (ခ) တွင် ခရီးသည်နှင့်အတူ ယူဆောင်လာသည့် ဝန်စည်မှအပ သိမ်းဆည်းရမိသော ကုန်ပစ္စည်း များကို သယ်ဆောင်ရာတွင် အသုံးပြုသောယာဉ် သို့မဟုတ် တိရစ္ဆာန်၏ ပိုင်ရှင်ဖြစ်စေ၊ ယင်း၏ကိုယ်စား တိုက်ရိုက်တာဝန်ခံသူဖြစ်စေ ပူးပေါင်းပါဝင်ကျူးလွန်ခြင်းမရှိစေကာမူ အဆိုပါ ကုန်ပစ္စည်းသယ်ဆောင်ခြင်း၊ တင်ဆောင်ခြင်းအတွက် တာဝန်ရှိသဖြင့် အဆိုပါကုန်ပစ္စည်းသယ်ဆောင်ရာတွင် အသုံးပြုသောယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပြည်သူ့ဘဏ္ဍာအဖြစ် အပြီးအပိုင် သိမ်းယူခြင်းမပြုဘဲ ဖမ်းဆီးရမိသည့် ကုန်ပစ္စည်း တန်ဖိုးအလိုက် သတ်မှတ်ထားသော အချိုးအစားအတိုင်း ရွေးယူဒဏ်ငွေတပ်ရိုက်၍ ပြန်ပေးရမည်ဟု ပြဋ္ဌာန်း

ထားပါကြောင်း၊ သို့ဖြစ်ပါ၍ စီရင်ချက်အမိန့်ပါ အောက်ဖော်ပြပါအချက်များသည် အငြင်းပွားနေသည့် ဥပဒေပြဿနာဖြစ်ကြောင်း ယူဆနိုင်ပါ၍ အခွန်အယူခံခုံရုံးတော်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်၍ အဆုံးအဖြတ်ရယူခွင့်ပြုသည့် အခွင့်အရေးပေးနိုင်ပါရန် တင်ပြလျှောက်ထားပါသည်–

(၁) မော်တော်ယာဉ် ငှားရမ်းမောင်းနှင် အသုံးပြုနေသူ၏ ပြုလုပ်မှုကြောင့် ပေါ်ပေါက်လာသည့် အခင်းဖြစ်ကိစ္စရပ်တွင် အဆိုပါ အငှားယာဉ်မောင်းသည် ယာဉ်ပိုင်ရှင်ကိုယ်စား တိုက်ရိုက်တာဝန်ခံသူ တစ်နည်းအားဖြင့် အခင်းဖြစ်ချိန်တွင် ယာဉ်ကို စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း သုံးသပ်ခြင်းသည် ဥပဒေအရ ညီညွတ်မှု ရှိ မရှိ။

(၂) ယာဉ်ပိုင်ရှင်ကသိရှိခြင်း၊ ပါဝင်ပတ်သက်ခြင်းမရှိဘဲ အငှားယာဉ်မောင်း၏ ပြုမူဆောင်ရွက်ခြင်းများကြောင့် အခင်းဖြစ်အကြောင်းအရာ ပေါ်ပေါက်လာခဲ့ပြီး မော်တော်ယာဉ်သိမ်းဆည်းခဲ့ခြင်းမှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ညွှန်ကြားချက်အမှတ် ၇၆/၉၉ ၏ အပိုဒ် ၄ (ခ) နှင့် ညီညွတ်ခြင်း ရှိ မရှိ။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးအောင်ကိုသန်း မှ ချေပလျှောက်လဲရာ၌ မော်တော်ယာဉ် ငှားရမ်းအသုံးပြုနေသူ၏ ပြုလုပ်မှုကြောင့် ပေါ်ပေါက်လာသည့် အခင်းဖြစ်ကိစ္စရပ်တွင် အဆိုပါ အငှားယာဉ်မောင်းသည် ယာဉ်ပိုင်ရှင်ကိုယ်စား တိုက်ရိုက်တာဝန်ခံသူ တစ်နည်းအားဖြင့် အခင်းဖြစ်ချိန်တွင် ယာဉ်ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း သုံးသပ်ခြင်းသည် ဥပဒေအရ ညီညွတ်မှု ရှိ မရှိ နှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ) တွင် "ကြီးကြပ်အုပ်ချုပ်သူဆိုသည်မှာ ယာဉ်ကိုကြီးကြပ်အုပ်ချုပ်သောသူ ဦးစီးထိန်းသိမ်းရသူကို ဆိုသည်" ဟုလည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) တွင် ''မော်တော်ယာဉ်အတွက် တာဝန်ရှိသူ ဆိုသည်မှာ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ကြီးကြပ်တာဝန်ယူ ဆောင်ရွက်သူကို ဆိုသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားချက်တို့အရ ယာဉ်မောင်းဖြစ်သူ ဦးစိုင်းကိုကိုညွန့် သည် အခင်းဖြစ်ယာဉ်ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဖြစ်သည်မှာ ထင်ရှားနေပါကြောင်း၊ ယာဉ်ပိုင်ရှင်ကသိရှိခြင်း၊ ပါဝင်ပတ်သက်ခြင်းမရှိဘဲ အငှားယာဉ်မောင်း၏ ပြုမူဆောင်ရွက်ချက်များကြောင့် အခင်းဖြစ်အကြောင်းအရာ ပေါ်ပေါက်လာခဲ့ပြီး မော်တော်ယာဉ် သိမ်းဆည်းခဲ့ခြင်းမှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ညွှန်ကြားချက်အမှတ် ၇၆/၉၉ ၏ အပိုဒ် ၄ (ခ) နှင့် ညီညွတ်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ လွှဲအပ်မှုလျှောက်ထားသူ၏ မော်တော်ယာဉ်နှင့် တင်ဆောင်လာသည့် အခင်းဖြစ် Ammonium Nitrate များသည် ၂၀၁၈ ခုနှစ်၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ပစ္စည်းများဆိုင်ရာ ဥပဒေပုဒ်မ ၂ (င) အရ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်ပြီး ပုဒ်မခွဲ (ဠ) အရ ၎င်း Ammonium Nitrate များအား သယ်ယူပို့ဆောင်ရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ခွင့်ပြုချက်ရယူ၍ သယ်ယူပို့ဆောင်ခြင်းမဟုတ်သဖြင့် ခွင့်ပြုချက်မရှိဘဲ အဆိုပါ Ammonium Nitrate များအား သယ်ယူပို့ဆောင်ခြင်းမပြုရဟူသော ယင်းဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) အရ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း ဖြစ်သောကြောင့် ယင်းဥပဒေပုဒ်မ ၂၇ အရ သိမ်းဆည်းရမိသော အခင်းဖြစ်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည့်အပြင် လွှဲအပ်မှုလျှောက်ထားသူ၏ မော်တော်ယာဉ်သည် အခင်းဖြစ်ပစ္စည်းများ တင်ဆောင်လာခဲ့သည်မှာ အငြင်းမပွားပေါ်ပေါက်သဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ညွှန်ကြားချက် အမှတ် (၇၆/၉၉) အပိုဒ် ၄ (ခ) ပါ ထုတ်ပြန်ထားချက်နှင့် အကျုံးဝင်သက်ဆိုင်မှုမရှိပါကြောင်း၊ မော်တော်ယာဉ်ကို ငှားရမ်းမောင်းနှင်နေသူသည် ယာဉ်ပိုင်ရှင်ကိုယ်စား တိုက်ရိုက်တာဝန်ခံသူမဟုတ်၍ မော်တော်ယာဉ်ကို ရွေးယူဒဏ်ငွေဖြင့် ယာဉ်ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ပြီး ယာဉ်ပိုင်ရှင်၏ နစ်နာမှုများကို ကုစားပေးရန် သင့် မသင့် စသည်ဖြင့် ဖြေရှင်းရမည့်ဥပဒေပြဿနာများ ပေါ်ပေါက်နေကြောင်း တင်ပြခြင်းနှင့်စပ်လျဉ်း၍

**"ဦးကျော်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၀"** စီရင်ထုံး၌ "မော်တော်ယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် သယ်ယူပို့ဆောင်ရေးပြုလုပ်ကြသူတိုင်းသည် တရားမဝင်သောပစ္စည်းများကို တင်ဆောင်ခွင့်မရှိကြောင်းကို သိရှိကြပြီးဖြစ်ပါသည်။ ယာဉ်ကို ငှားယူသူ သို့မဟုတ် ယာဉ်ကို မောင်းနှင်သူနှင့် ယာဉ်ပိုင်ရှင်တို့အကြားတွင်တင်ရှိနေသော အခွင့်အရေးနှင့် တာဝန်များကို စိစစ်ရန်လိုသည်။ ယာဉ်ကို ငှားယူသုံးစွဲသူ သို့မဟုတ် ယာဉ်မောင်းသူတို့သည် မော်တော်ယာဉ်ကို လက်ရှိထားသုံးစွဲသူဖြစ်သဖြင့် ယာဉ်နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာမည့် တာဝန်များကို ကျခံရမည်ဖြစ်သည်။ ၎င်းတို့၏ ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုတို့ကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးပြစ် အားလုံးကို ၎င်းတို့က တာဝန်ယူရမည်ဖြစ်သည်။ တရားမဝင်ပစ္စည်းများကို တင်ဆောင်သဖြင့် မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရပါက ပိုင်ရှင်တွင် ဖြစ်ပေါ်လာသော စီးပွားရေးဆိုင်ရာ နစ်နာမှုကို ယာဉ်မောင်းသူများသာ တာဝန်ယူရမည်ဖြစ်သည်။ ယာဉ်ကို စီးလုံးငှားသူထံသို့ သို့မဟုတ် ယာဉ်မောင်းထံသို့ လွှဲအပ်လိုက်သဖြင့် ယာဉ်ပေါ်တွင် မည်သည့်ပစ္စည်း တင်ဆောင်သွားသည်ကို ယာဉ်ပိုင်ရှင်မသိနိုင်ဟု ထုချေတင်ပြခြင်းဖြစ်သည်။ ယာဉ်စီးလုံးငှားသူ သို့မဟုတ် ယာဉ်မောင်းတို့အကြား တည်ရှိသော ပဋိညာဉ်မှာ တရားမကြောင်းနှင့်သက်ဆိုင်သော ပဋိညာဉ်ဖြစ်သည်။ ယာဉ်ပိုင်ရှင်၏ နစ်နာမှုမှာ တရားမကြောင်းနှင့်သာ သက်ဆိုင်သည်။ တရားမကြောင်းအရ နစ်နာမှုကို တရားမကြောင်းအရသာ ဖြေရှင်းရမည်" ဟုလည်းကောင်း၊ "သက်သေခံမော်တော်ယာဉ်နှင့် စပ်လျဉ်း၍ စီမံခန့်ခွဲသည့် အမိန့်မချမီအတွင်း အယူခံတရားလိုအားကြားနာရန် လို-မလို ဆိုသည့်အချက်ကို စိစစ်ရာတွင် တရားရုံးများလက်စွဲ အပိုဒ် ၁၀၉၁ (၁) အရ ဆိုပါက သက်သေခံပစ္စည်းကို သိမ်းယူခြင်းခံရသူမှာ အမှုတွင် မပါဝင်သည့် တရားလို သို့မဟုတ် တရားခံမဟုတ်သည့် အခြားသူဖြစ်မှသာလျှင် အဆိုပါ အခြားသူကို ကြားနာရန်လိုမည်ဖြစ်ပါသည်။ ယခု အမှုတွင် သက်သေခံမော်တော်ယာဉ်ကို တရားခံများလက်ဝယ်မှ သိမ်းယူခဲ့ခြင်းဖြစ်သည်။ တရားခံများကို လည်းကောင်း၊ ယာဉ်စီးလုံးငှားသူကိုလည်းကောင်း ကြားနာခွင့်ပေးခဲ့ကြောင်းကို တွေ့ရှိရသည်။ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းမှာ တရားဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဆိုသည့် ပြဿနာရပ်အပေါ် ဥပဒေနှင့်ညီညွတ်ကြောင်းဖြေကြားပြီး ဤအထူးအယူခံကို ပလပ်လိုက်သည်။" ဟုလည်းကောင်း လမ်းညွှန်စီရင်ထုံးဖွဲ့ထားပါကြောင်း၊ သို့ဖြစ်ပါ၍ လွှဲအပ်မှုလျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာခဲ့သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ခွင့်ပြုချက်ဖြင့်သာ တင်သွင်းရန် ပြဋ္ဌာန်းထားသော Ammonium Nitrate များအတွက် တရားဝင်စာရွက်စာတမ်း တင်ပြနိုင်မှု မရှိခြင်း၊ ပို့ကုန်သွင်းကုန်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ကျူးလွန်ခြင်း၊ ကုန်းလမ်းအကောက်ခွန်အက် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ တင်သွင်းလာခြင်းမှာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၅ (၁) နှင့် ၅ (၃) တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်းထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည့်အပြင် အခင်းဖြစ် ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသော မော်တော်ယာဉ်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက် ဥပဒေပုဒ်မ ၁၆၈ အရ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားခြင်း ဖြစ်ပြီး မူလအယူခံမှု၊ ပြန်လည်သုံးသပ်မှုတို့တွင် ရုံးတော်မှ ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆုံးဖြတ်ပြီးဖြစ်ခြင်း၊

မူလပြန်လည်သုံးသပ်မှု၏ စီရင်ဆုံးဖြတ်ချက်အမိန့်စာအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးနိုင်လောက်သည့် ဥပဒေအချက်အလက်အသစ်တစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်းတို့ကြောင့် မူလအယူခံရုံး၏ အမိန့်ကိုသာ အတည်ပြု၍ အကောက်ခွန်လွှဲအပ်မှု လျှောက်ထားချက်ကို လက်ခံရန် မသင့်ပါကြောင်း ချေပလျှောက်လဲသည်။

လျှောက်ထားခံရသူ၏ ချေပလျှောက်လဲချက်အပေါ် ပြန်လည်ရှင်းလင်းလျှောက်လဲရာ၌ အခင်းဖြစ် ဖြစ်စဉ်တွင် ယာဉ်ပိုင်ရှင်အနေဖြင့် လုံးဝပါဝင်ပတ်သက်ခြင်း မရှိပါကြောင်း၊ ယာဉ်ငှားရမ်းမောင်းနှင်သူ အနေဖြင့် ယာဉ်ပိုင်ရှင်မျက်ကွယ်တွင် ၎င်း၏ကိုယ်ကျိုးအတွက် ဆောင်ရွက်သွားခြင်းဖြစ်ပါကြောင်း၊ ယာဉ်မောင်းအနေဖြင့် ပြုလုပ်ခဲ့သည့် ပြစ်မှုမှုများအတွက် သက်ဆိုင်ရာမှ ထိုက်သင့်သော ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပေးအပ်သော ပြစ်ဒဏ်များကိုလည်း အငှားယာဉ်မောင်းအနေဖြင့် ခံယူခဲ့ပြီး ဖြစ်ပါကြောင်း၊ ယာဉ်ပိုင်ရှင်ပါဝင်ခဲ့ခြင်းမရှိသဖြင့် သက်ဆိုင်ရာရဲစခန်းနှင့် တရားရုံးတော်တို့က ယာဉ်ပိုင်ရှင်ကို တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်း၊ ယာဉ်ပိုင်ရှင်၏ မော်တော်ယာဉ်ကို ပြန်လည်ရယူ နိုင်ရေးအတွက် လျှောက်ထားနေရခြင်းဖြစ်ပါကြောင်း ရှင်းလင်းသည်။

စုံညီခုံအဖွဲ့ အဖွဲ့ဝင် ဦးဝင်းတင် က လျှောက်ထားသူသို့ မေးခွန်းများ မေးမြန်းရာ အခင်းဖြစ် Ammonium Nitrate များသည် တားမြစ်ကုန်ပစ္စည်းဖြစ်သည်ကို လက်ခံပါသလားဟု မေးလျှင် လက်ခံကြောင်း ဖြေကြားသည်။ လျှောက်ထားသူ၏ တင်ပြချက်အရ ယာဉ်မောင်း ဦးစိုင်းကိုကိုညွန့် ကို အခင်းဖြစ်ကိစ္စရပ်နှင့် စပ်လျဉ်း၍ တောင်ကြီးမြို့နယ်တရားရုံးက ပို့ကုန်သွင်းကုန်ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ပြစ်ဒဏ် ချမှတ်ခဲ့သည်မှာ မှန်ပါသလားဟု မေးလျှင် မှန်ကန်ကြောင်း ဖြေကြားသည်။ အဆိုပါ ချမှတ်ခဲ့သော အမိန့်သည် လက်ရှိတည်ဆဲဖြစ်သည်ဆိုလျှင် မှန်ပါသလားဟု မေးလျှင် မှန်ကန်ကြောင်း ဖြေကြားသည်။

စုံညီခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူ ပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကို အသေးစိတ် ကြည့်ရှု လေ့လာခဲ့ပါသည်။ ထိုသို့ လျှောက်လဲတင်ပြချက်များနှင့် အမှုတွဲပါ အထောက်အထား၊ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များကို အပြန်ပြန်အလှန်လှန်သုံးသပ်ခဲ့ရာ မော်တော်ယာဉ် ငှားရမ်းမောင်းနှင်အသုံးပြုနေသူ၏ ပြုလုပ်မှုကြောင့် ပေါ်ပေါက်လာသည့် အခင်းဖြစ်ကိစ္စရပ်တွင် အဆိုပါ အငှားယာဉ်မောင်းသည် ယာဉ်ပိုင်ရှင် ကိုယ်စားတိုက်ရိုက် တာဝန်ခံသူ တစ်နည်းအားဖြင့် အခင်းဖြစ်ချိန်တွင် ယာဉ်ကို စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း သုံးသပ်ခြင်းသည် ဥပဒေအရ ညီညွတ်မှု ရှိ မရှိ တင်ပြချက်နှင့်စပ်လျဉ်း၍ ဦးစိုင်းကိုကိုညွန့် သည် လျှောက်ထားသူထံမှ ၁-၈-၂၀၁၉ ရက်နေ့မှစ၍ ခေါက်ကြေးဖြင့် ငှားရမ်းမောင်းနှင်သူဖြစ်ခြင်း၊ အခင်းဖြစ်ချိန်တွင်လည်း ယာဉ်မောင်းသူဖြစ်ခြင်း၊ ဦးစိုင်းကိုကိုညွန့် သည် အခင်းဖြစ်သက်သေခံပစ္စည်းများ တင်ဆောင်ခဲ့ခြင်းအတွက် တောင်ကြီးမြို့နယ်တရားရုံးက ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ အလုပ်နှင့် ထောင်ဒဏ် (၃) လ နှင့် ဒဏ်ငွေကျပ် တစ်သိန်း ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊ အဆိုပါ ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အယူခံဝင်ရောက်ကြောင်း တင်ပြထားသည်ကို မတွေ့ရှိရဘဲ တရားရုံး၏ အမိန့်သည် အတည် ဖြစ်လျက်ရှိသည်ကို တွေ့ရှိရခြင်းတို့ကြောင့် ယာဉ်ပိုင်ရှင်ကိုယ်စား တိုက်ရိုက်တာဝန်ခံသူ၊ တစ်နည်းအားဖြင့် အခင်းဖြစ်ချိန်တွင် ဦးစိုင်းကိုကိုညွန့် သည် ယာဉ်ကို စီမံပိုင်ခွင့်ရှိသူဖြစ်သည်မှာ ထင်ရှားသည်ဖြစ်ရာ ပြန်လည် သုံးသပ်မှု၏ စီရင်ချက်အမိန့်၌ အခင်းဖြစ်ကိစ္စရပ်တွင် အဆိုပါ အငှားယာဉ်မောင်းသည် ယာဉ်ပိုင်ရှင်ကိုယ်စား တိုက်ရိုက်တာဝန်ခံသူ တစ်နည်းအားဖြင့် အခင်းဖြစ်ချိန်တွင် ယာဉ်ကို စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း

သုံးသပ်ခြင်းသည်လည်းကောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမရှိဟု မဆိုနိုင်ကြောင်း သုံးသပ်ခြင်းသည် လည်းကောင်း ဥပဒေကြောင်းအရ ဖြေရှင်းပေးရမည့်အချက် ပေါ်ပေါက်မှုမရှိကြောင်း တွေ့ရှိရသည်။

ယာဉ်ပိုင်ရှင်က သိရှိခြင်း၊ ပါဝင်ပတ်သက်ခြင်းမရှိဘဲ အငှားယာဉ်မောင်း၏ ပြုမူဆောင်ရွက်ခြင်းများကြောင့် အခင်းဖြစ်အကြောင်းအရာ ပေါ်ပေါက်လာခဲ့ပြီး မော်တော်ယာဉ်သိမ်းဆည်းခဲ့ခြင်းမှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် ၇၆/၉၉ ၏ အပိုဒ် ၄ (ခ) နှင့် ညီညွတ်ခြင်း ရှိ မရှိ တင်ပြချက်နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိသည့်အခါ ယင်းတို့ကို သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်များနှင့် တိရစ္ဆာန်များကို အရေးယူရာ၌ ကျူးလွန်သည့် ပြစ်မှုအတိုင်းအတာအပေါ် မူတည်၍ ညီညွတ်မျှတမှု ရှိစေရန်နှင့် ထိရောက် ဟန့်တားမှုဖြစ်စေရန် ညွှန်ကြားချက်အမှတ် ၇၆/၉၉ ကို ထုတ်ပြန်ရာတွင် ညွှန်ကြားချက်၏ အပိုဒ် ၄၊ အပိုဒ်ခွဲ (က) အောက်တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည့် အခြေအနေနှစ်ရပ်ကိုလည်းကောင်း၊ ယင်းအခြေအနေ နှစ်ရပ်မှအပဖြစ်ပါက ရွေးယူဒဏ်တပ်ရိုက်၍ ပြန်လည်ရွေးယူခွင့်ပြုသည့်ကိစ္စကို အပိုဒ်ခွဲ (ခ) တွင်လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ပြန်လည်သုံးသပ်မှု၏ စီရင်ချက်အမိန့် စာမျက်နှာ (၄) တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် ၇၆/၉၉ အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁) တွင် သိမ်းဆည်းရမိသောကုန်ပစ္စည်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တင်သွင်းခြင်း၊ တင်ပို့ခြင်း မပြုရန် လုံးဝတားမြစ်ထားသော ကုန်ပစ္စည်းဖြစ်သည့်အပြင် ယာဉ်ပိုင်ရှင်ကဖြစ်စေ၊ ယင်း၏ကိုယ်စား တိုက်ရိုက်တာဝန်ခံသူကဖြစ်စေ အဆိုပါကုန်ပစ္စည်းများ သယ်ဆောင်သည့်ကိစ္စတွင် ပူးပေါင်းပါဝင်ကျူးလွန်ပါက ထိုသို့ သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သတ်မှတ်ညွှန်ကြားထားသည်ကို တွေ့ရှိရသည်ဟုလည်းကောင်း၊ ယခုအမှုတွင် သယ်ယူလာသော Ammonium Nitrate များသည် ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများဖြစ်သည်မှာ အငြင်းမပွား ပေါ်ပေါက်သည်ကို တွေ့ရှိရသည်ဟုလည်းကောင်း၊ စာမျက်နှာ (၅) တွင် တားမြစ်ပိတ်ပင်ထားသော Ammonium Nitrate များကို သယ်ဆောင်ရာတွင် ယာဉ်မောင်းဖြစ်သူ ဦးစိုင်းကိုကိုညွှန့် က ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ခြင်းကြောင့်ဟုလည်းကောင်း သုံးသပ်ထားသည်ကို တွေ့ရှိရသည်။ ယခု နှစ်ဖက်ကြားနာမှုများဆောင်ရွက်စဉ် လျှောက်ထားသူသို့ အခင်းဖြစ် Ammonium Nitrate များသည် တားမြစ်ကုန်ပစ္စည်းဖြစ်သည်ကို လက်ခံပါသလားဟုမေးလျှင် လက်ခံကြောင်း ဖြေကြားသဖြင့် အခင်းဖြစ်ပစ္စည်းများမှာ တားမြစ်ကုန်ပစ္စည်းဖြစ်သည်မှာ အငြင်းမပွားပေါ်ပေါက်ခြင်း၊ အခင်းဖြစ်မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်း အမိန့်ချမှတ်ထားခြင်းသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် ၇၆/၉၉ အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁) နှင့်အညီ အရေးယူထားခြင်းဖြစ်သည်မှာ ထင်ရှားခြင်းတို့ကြောင့် ညွှန်ကြားချက်အမှတ် ၇၆/၉၉ ၏ အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ) နှင့် ညီညွတ်ခြင်း ရှိ မရှိ သုံးသပ်ရန် မလိုအပ်ကြောင်းနှင့် ခုံအဖွဲ့၏ သုံးသပ်ဆုံးဖြတ်ချက်သည် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်အချက် မပေါ်ပေါက်ကြောင်း သုံးသပ်ရရှိသည်။

သို့ဖြစ်ပါ၍ အခွန်အယူခံခုံအဖွဲ့၏ အကောက်ခွန် ပြန်လည်သုံးသပ်မှုအမှတ် ၁၆/၂၀၂၁ တွင် ချမှတ်ခဲ့သော စီရင်ချက်ပါ သုံးသပ်ဆုံးဖြတ်ချက်များသည် ဥပဒေပြဿနာ သို့မဟုတ် ဥပဒေကဲ့သို့ အာနိသင် ရှိသော ပြဿနာများသော်လည်းကောင်း၊ ဥပဒေပြဿနာနှင့်စပ်လျဉ်း၍ အကြောင်းအားလျော်စွာ သံသယ

ဖြစ်ဖွယ်သော်လည်းကောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် လိုအပ်ခြင်းမရှိကြောင်း သုံးသပ်ရရှိခြင်းကြောင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်–

**အမိန့်**

အခွန်အယူခံခုံအဖွဲ့၏ ၁–၂–၂၀၂၂ ရက်စွဲပါ အမိန့်စာအမှတ်၊ အခယ (ဖွဲ့)/၃/၀၃ (၇၆/၂၀၂၂) ဖြင့် ထုတ်ပြန်ထားသော အမိန့်ကို အတည်ပြုလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုအား လွှဲအပ်ပေးပါရန် လျှောက်ထားသည့် ဤလွှဲအပ်မှုကို ပလပ်လိုက်သည်။

မြင့်ဦး
ဥက္ကဋ္ဌ

| | | |
|---|---|---|
| ကျော်ကျော် | ဇေယျာကြည်ညွန့် | ရီရီမြင့် |
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဝင်းနိုင် | ဝင်းတင် | ဦးကြည် |
| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |

စုံညီခုံအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၂ ခုနှစ်၊ အကောက်ခွန်အယူခံမှု အမှတ်–၃**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| Myan Shwe Pyi Tractors Ltd<br>အမှတ် (၄၃/၄၇)၊ ကျွန်စစ်သားလမ်း၊<br>(၁၀၉) ရပ်ကွက်၊ စက်မှုဇုန်၊<br>အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>(၎င်း၏ကိုယ်စားလှယ်) ဦးမောင်မောင်ကြွယ်<br>၁၂/ဥကတ (နိုင်) ဝ၇၉၆၂၅<br>အမှတ် (၈၂)၊ (၃၇) လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | အကောက်ခွန်ဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးအောင်ကိုသန်း<br>လက်ထောက်ညွှန်ကြားရေးမှူး၊<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်။ |

## စီရင်ချက်

အမှုမှာ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ စက်မှုဇုန်၊ (၁၀၉) ရပ်ကွက်၊ ကျုန်စစ်သားလမ်း၊ အမှတ် (၄၃/၄၇) ရှိ Myan Shwe Pyi Tractors Ltd သည် ပင်ရင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံထုတ် Caterpillar Brand New 2021 Model Hydraulic Excavator Model: 326, Vehicle Weight: 25600 kg, Bucket Capacity: 1.54 M3, Engine Power: 159 kw, C/O; China (3) units တန်ဖိုးကျပ် ၉၇၈,၈၀၆,၄၀၀ အား VPA (5) days ဖြစ်ပေါ်သည်ဟု သတ်မှတ်ပြီး RF $^1/_4$ AV ဒဏ်ကြေးငွေကျပ် ၂၄၄,၇၀၁,၆၀၀ တပ်ရိုက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိသောကြောင့် အယူခံတင်သွင်းလာသောအမှု ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်ထားသူ မြန်ရွှေပြည်စက်ယန္တရားလီမိတက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ၂၁-၁၂-၂၀၁၉ ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ၁၄၅၇၀၅၉၅၉ ဖြင့် တရားဝင်ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ဖြင့် တားမြစ်ကန့်သတ်ထားသော ကုန်ပစ္စည်းအမည်များမှလွဲ၍ ကျန်ကုန်ပစ္စည်းများအားလုံး တင်သွင်း၊ တင်ပို့ခွင့်ကို ၂၀-၁၂-၂၀၂၄ ရက်နေ့အထိ လုပ်ကိုင်ခွင့်ရရှိထားသော ကုမ္ပဏီဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံထုတ် အခင်းဖြစ်ပစ္စည်းများကို စင်ကာပူနိုင်ငံ MSP Tractors Pte Ltd ထံမှတစ်ဆင့် ၁၀-၉-၂၀၂၁ ရက်နေ့တွင် ဝယ်ယူခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသို့ တင်သွင်းနိုင်ရန် ကုန်သွယ်ရေးဦးစီးဌာနသို့ သွင်းကုန်လိုင်စင်ရရှိရေးအတွက် ၅-၁၀-၂၀၂၁ ရက်နေ့တွင် On Line မှ လျှောက်ထားခဲ့ရာ ၁၃-၁၀-၂၀၂၁ ရက်နေ့တွင် ''Application အသစ်ဖြင့် ပြန်လည်လျှောက်ထားရန်" မှတ်ချက်ရေးသား ပြန်ကြားခဲ့ပါကြောင်း၊ ဒုတိယအကြိမ် On Line မှပင် လျှောက်ထားခဲ့ရာ ၂၇-၁၀-၂၀၂၁ ရက်နေ့တွင် "၁၁ လပိုင်းမှ ပြန်လျှောက်ရန်" မှတ်ချက်ရေးသား ပြန်ကြားခဲ့ပါကြောင်း၊ တတိယအကြိမ် On Line မှပင် ၂၈-၁၀-၂၀၂၁ ရက်နေ့တွင် လျှောက်ထားခဲ့ရာ ၂-၁၁-၂၀၂၁ ရက်နေ့တွင် သွင်းကုန်လိုင်စင် OVSIL 22122002793 ကို ရရှိခဲ့ပါကြောင်း၊ စက်ယန္တရား (၃) စီးသည် Golden Autumn သင်္ဘောဖြင့် တရုတ်နိုင်ငံ Shanghai မှ ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် ထွက်ခွာခဲ့ပြီး မြန်မာနိုင်ငံသီလဝါဆိပ်ကမ်းသို့ ၂၈-၁၀-၂၀၂၁ ရက်နေ့တွင် ဆိုက်ရောက်ခဲ့ပါကြောင်း၊ ဆိုက်ရောက်သည့်နေ့မှ သွင်းကုန်လိုင်စင်ရရှိသည့် ၂-၁၁-၂၀၂၁ ရက်အထိ VPA (5) days ဖြစ်ပေါ်ခဲ့သဖြင့် RF $^1/_4$ AV တပ်ရိုက်ခြင်းခံရပါကြောင်း၊ ပုံမှန်အားဖြင့် သွင်းကုန်လိုင်စင်ကို On Line မှ လျှောက်ထားရာတွင် ၃ ရက်အတွင်း ရလေ့ရှိပါကြောင်း၊ တရုတ်နိုင်ငံမှ ကုန်ပို့သူသည် ပုံမှန်အတိုင်းဆိုပါက ကုန်ဝယ်ယူပြီး တစ်ပတ်အတွင်း ပို့ဆောင်ပေးလေ့ရှိပါကြောင်း၊ ထိုအလေ့အထကြောင့် စက်ယန္တရား (၃) စီးကို မြန်မာနိုင်ငံသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံ၌ ၁-၁၀-၂၀၂၁ ရက်နေ့တွင် မော်တော်ယာဉ်နှင့် စက်ယန္တရားများ တင်သွင်းမှုဆိုင်ရာမူဝါဒများ အပြောင်းအလဲ ဖြစ်ပေါ်ခြင်း၊ Covid-19 ကြောင့် ဝန်ထမ်းများအလှည့်ကျရုံးတက်နေကြရခြင်းတို့ကို တစ်ဖက်ကုန်ပို့သူက မသိရှိနိုင်သော အခြေအနေဖြစ်ခဲ့ပါကြောင်း၊ စက်ယန္တရား (၃) စီးသည် MITT ဆိပ်ကမ်းသို့ ၂၈-၁၀-၂၀၂၁ ရက် (ကြာသပတေး) နေ့တွင် ရောက်ရှိပြီး သွင်းကုန်လိုင်စင်ကို ၂-၁၁-၂၀၂၁ ရက် (အင်္ဂါ) နေ့တွင် ရရှိခဲ့သဖြင့် VPA (5) days ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ၃၀-၁၀-၂၀၂၁ ရက်နှင့် ၃၁-၁၀-၂၀၂၁ ရက်တို့သည် စနေ၊ တနင်္ဂနွေ အလုပ်ပိတ်ရက်များဖြစ်ကြောင်း၊ အကယ်၍ ပုံမှန်အတိုင်း လိုင်စင်လျှောက်ပြီး ၃ ရက်အတွင်း ရရှိခဲ့မည်ဆိုပါက ယခုကဲ့သို့ VPA ဒဏ်ကြေးတပ်ရိုက်ခံရမည် မဟုတ်ပါကြောင်း၊

တင်သွင်းသူအနေဖြင့် အချိန်မီလိုင်စင်ရရှိရန် လျှောက်ထားခဲ့ပါသော်လည်း အထက်တွင် တင်ပြခဲ့သော အခြေအနေအရပ်ရပ်ကြောင့် လိုင်စင်ရနောက်ကျခဲ့ခြင်းဖြစ်ပြီး လျှောက်ထားသူ၏ လစ်ဟင်းပေါ့လျော့မှုကြောင့် မဟုတ်ပါကြောင်း၊ ယာဉ်/ယန္တရားတင်သွင်းရာ၌ VPA ကင်းလွတ်ခွင့်မှာ (3) days အထိသာ ကင်းလွတ်ခွင့် ရှိသောကြောင့် ယခု VPA (5) days ဖြစ်ပေါ်မှုကြောင့် ဒဏ်ကြေးအဖြစ် $^{1}/_{4}$ AV သတ်မှတ်ထားရာဒဏ်ကြေးငွေမှာ ကျပ် ၂၄၄,၇၀၁,၆၀၀ ဖြစ်သည့်အပြင် ကျသင့်အခွန်ငွေကျပ် ၆၈,၅၄၆,၄၄၈ ကိုလည်း လျှောက်ထားသူက ပေးဆောင်ခဲ့ရပါကြောင်း၊ အဆိုပါ စက်ယန္တရား (၃) စီးသည် Form E အရ Customs Duty အဖြစ် ကျသင့်ငွေကျပ် ၂၉,၃၆၄,၁၉၂ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိခဲ့သော်လည်း VPA (5) days အတွက် ကျပ်သိန်းနှစ်ထောင်ကျော် ဒဏ်တပ်ရိုက်ခံရခြင်းမှာ တရားမျှတမှုမရှိပါကြောင်း၊ လျှောက်ထားသူသည် ဆိပ်ကမ်းခများ မတန်ကြေးကျ ပေးဆောင်ရမည်ကို ရှောင်လွှဲလို၍ အထူးအမိန့် (SO) ဖြင့် အဆိုပါစက်ယန္တရား (၃) စီးကို ဆိပ်ကမ်းမှထုတ်ယူနိုင်ရန် (SO) လုပ်ထုံးနှင့်အညီ အာမခံစပေါ်ငွေ (RD) ကျပ် ၉၅,၇၂၇,၂၆၆ ကို အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းခဲ့ပါကြောင်း၊ ဒဏ်ကြေးကျပ် ၂၄၄,၇၀၁,၆၀၀ ပေးဆောင်ရာတွင် အဆိုပါ အာမခံစပေါ်ငွေကို ခုနှိမ်ပေးချေခွင့် လျှောက်ထားခဲ့သော်လည်း ငြင်းပယ်ခံခဲ့ရပါကြောင်း၊ လျှောက်ထားသူ တင်သွင်းခဲ့သော စက်ယန္တရား (၃) စီးသည် VPA (5) days ဖြစ်ပေါ်အောင် လစ်ဟင်းပေါ့လျော့စွာဆောင်ရွက်ခဲ့ခြင်း မရှိပါဘဲ မြန်မာနိုင်ငံတွင်ယာဉ်၊ ယန္တရားတင်သွင်းမှုဆိုင်ရာမူဝါဒအပြောင်းအလဲ၊ နိုင်ငံရေးအခြေအနေပေါ် မူတည်၍ လိုင်စင်ထုတ်ပေးရသည့်ဌာန၏ အခက်အခဲကြောင့် ထိုသို့ဖြစ်ပေါ်ခဲ့ရကြောင်း၊ စာတမ်းအမှတ်အသား များအရ ပေါ်လွင်နေပါကြောင်း၊ ထို့ပြင် အလုပ်မလုပ်သောရုံးပိတ်ရက်များကို ထည့်သွင်းတွက်ချက်ထားသည့် အတွက်လည်း မနစ်နာသင့်ဘဲ နစ်နာခဲ့ရပါကြောင်း၊ စက်ယန္တရား (၃) စီးအပေါ် VPA (5) days ဖြစ်ပေါ်၍ RF $^{1}/_{4}$ AV တပ်ရိုက်ရန် ထုတ်ပြန်ထားသော ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) သည် အစိုးရဌာန တစ်ခုအတွင်း သိရှိလိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်သာဖြစ်ပြီး အများပြည်သူသိရှိအောင် ထုတ်ပြန် ထားခြင်း မဟုတ်ပါကြောင်း၊ အများပြည်သူသိရှိစေလိုလျှင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြန်မာနိုင်ငံ ပြန်တမ်းတွင်ပါရှိမှသာ တရားဥပဒေနှင့် ညီညွတ်ပါကြောင်း၊ နိုင်ငံတော်မှထုတ်ပြန်သော ဥပဒေများကို နေ့စဉ် သတင်းစာများနှင့် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာများကို မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း ထုတ်ပြန်ရပါကြောင်း၊ ဤသည်မှာ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို လိုက်နာရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်လျှင် အဆိုပါ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများကို မသိရှိပါဟု တရားရုံးတွင် ထုချေခွင့်မရှိပါကြောင်း၊ နိုင်ငံတော်အတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင် ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ကြပ်မတ်ရန် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ အခန်း ၄ တွင် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်အကြံပြုခြင်းကို နည်းဥပဒေ ၃၁ နှင့် နည်းဥပဒေ ၃၃ ၌ ပြဋ္ဌာန်းထားပါကြောင်း၊ လျှောက်ထားသူ၏ စက်ယန္တရား (၃) စီးအပေါ် အများပြည်သူ မသိရှိနိုင်သော ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) အရ အရေးယူခြင်းသည် ဥပဒေအရ ခွင့်ပြုမထားသော ဆောင်ရွက်ချက်ဖြစ်၍ ဥပဒေအရ လွန်မင်းစွာ မှားယွင်းနေပါကြောင်း၊ လျှောက်ထားသူသည် VPA (5) days အတွက် ဒဏ်ကြေး $^{1}/_{4}$ AV တပ်ရိုက်ခြင်းအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ အသနားခံစာကို ၇-၁၂-၂၀၂၁ ရက်စွဲပါ စာဖြင့်တင်ပြပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် လုပ်ငန်း တာဝန်များ များပြားစွာ ဆောင်ရွက်နေရသည့်အတွက် ပြည်ထောင်စုဝန်ကြီးမှတ်ချက်ကို စောင့်ဆိုင်းခြင်း မပြုဘဲ အယူခံတင်သွင်းခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်ရိုက်သည့် ဒဏ်ကြေးနှင့် ကျသင့်အခွန်အခများပေးဆောင်ပြီးမှ

အယူခံတင်သွင်းခွင့်ရှိကြောင်း ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၉ တွင် ပြဋ္ဌာန်းထားသဖြင့် ဒဏ်ကြေးနှင့် အခွန်အခအားလုံး ပေးသွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရုံးပိတ်ရက် နှစ်ရက်ကို ထည့်သွင်းရေတွက်ခဲ့ခြင်း၊ သွင်းကုန်လိုင်စင် နောက်ကျခြင်းသည် လျှောက်ထားသူ၏ လစ်ဟင်းပေါ့လျော့မှု မဟုတ်ကြောင်းပေါ်လွင်နေခြင်း၊ ဒဏ်ကြေးတပ်ရိုက်ရန် ထုတ်ပြန်ထားသည့် ရုံးတွင်းညွှန်ကြားလွှာသည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာပုံစံမဟုတ်ခြင်းတို့ကြောင့် လျှောက်ထားသူ၏ နစ်နာမှုကို ရုံးတော်က ကုစားပေးပါရန်တင်ပြအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူ တင်သွင်းခဲ့သော စက်ယန္တရား (၃) စီးအပေါ် VPA (5) days ဖြစ်ပေါ်၍ ဒဏ်ကြေး $^{1}/_{4}$ AV တပ်ရိုက်ရန် ဆုံးဖြတ်ခဲ့သည့်ဌာန၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်လည်းမညီ၊ မျှတမှုလည်းမရှိသည့်အတွက် အဆိုပါဆုံးဖြတ်ချက်အား ရုံးတော်က ပယ်ဖျက်ပြီး ပေးဆောင်ထားသည့် ဒဏ်ကြေးငွေကို ပြန်လည်ထုတ်ယူခွင့်ပြုသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် လျှောက်ထားသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးအောင်ကိုသန်း (လက်ထောက်ညွှန်ကြားရေးမှူး) မှ ချေပလျှောက်လဲရာ၌ အခင်းဖြစ် Caterpillar Brand New 2021 Model Hydraulic Excavator (3) Units Total Price USD 552,000 တို့အား ၁၀-၉-၂၀၂၁ ရက်နေ့တွင် စင်ကာပူနိုင်ငံ MSP Tractors Pte Ltd ထံမှ ဝယ်ယူခဲ့ခြင်း၊ ၁-၁၀-၂၀၂၁ ရက်နေ့တွင် မော်တော်ယာဉ်စက်ယန္တရားများ တင်သွင်းမှုဆိုင်ရာ မူဝါဒများ အပြောင်းအလဲဖြစ်ပေါ်သည်ဟု ဖော်ပြထားခြင်းတို့နှင့်စပ်လျဉ်း၍ အဆိုပါ ပစ္စည်းဝယ်ယူပြီးနောက် သွင်းကုန်လိုင်စင်လျှောက်ထားရန် ရက်ပေါင်း ၂၀ အချိန်ရခဲ့သော်လည်း ၎င်းအချိန်အတွင်းသွင်းကုန်လိုင်စင် လျှောက်ထားမှုမရရှိခဲ့သည်မှာ ထင်ရှားနေပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၂၀၁၅ အပိုဒ် ၇၂ စာမျက်နှာ ၂၄ တွင် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များသည် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သည့် ကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင် ခွင့်ပြုချက်ရရှိမှသာ တင်သွင်းခွင့်ရှိပါသည်ဟုလည်းကောင်း၊ ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိခြင်းနှင့်ပတ်သက်၍ အပိုဒ် ၇၄ စာမျက်နှာ ၂၅ တွင် သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့် ပစ္စည်းများအတွက် ခွင့်ပြုချက်မရမီဆိပ်ကမ်းသို့ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိခြင်းမရှိစေရဟုလည်းကောင်း ထုတ်ပြန်ထားပါကြောင်း၊ သို့ဖြစ်ပါသောကြောင့် အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) အရ VPA (5) days ပြစ်မှုဖြစ်ပေါ်နေခြင်းအပေါ် RF $^{1}/_{4}$ AV ဖြစ်သော ကျပ် ၂၄၄,၇၀၁,၆၀၀ အား တပ်ရိုက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) ၏ အပိုဒ် ၂ အပိုဒ်ခွဲ (င) တွင် "ကုန်ပစ္စည်းရောက်ရှိသည့်နေ့ဆိုသည်မှာ သက်ဆိုင်ရာဌာနများက အတည်ပြုသည့် ယင်းကုန်ပစ္စည်းအား တင်ဆောင်လာသည့်ယာဉ် သတ်မှတ်ဆိပ်ကမ်း/နေရာသို့ ဆိုက်ရောက်သည့်ရက်ကို ဆိုသည်" ဟုလည်းကောင်း၊ အပိုဒ်ခွဲ (စ) တွင် "ကုန်ပစ္စည်းကြိုတင်ရောက်ရှိခြင်းဆိုသည်မှာ ကုန်သွယ်ရေးဦးစီးဌာနမှခွင့်ပြုထုတ်ပေးသည့် သွင်းကုန်လိုင်စင်ခွင့်ပြုသည့်နေ့ရက်မတိုင်မီ တင်သွင်းကုန်ပစ္စည်းသည် သတ်မှတ်ဆိပ်ကမ်း/နေရာသို့ ရောက်ရှိခြင်းကို ဆိုလိုသည်" ဟုလည်းကောင်း ဖော်ပြထားပါကြောင်း၊ အယူခံလျှောက်ထားသူကုမ္ပဏီမှ အခင်းဖြစ် Caterpillar Brand New 2021 Model Hydraulic Excavator (3) Units အား တင်သွင်းလာရာတွင် သွင်းကုန်လိုင်စင်မရရှိမီ ၅ ရက်ကြိုတင်၍ အဆိုပါကုန်ပစ္စည်းများ ရောက်ရှိလာခြင်းဖြစ်သည်မှာ ငြင်းဆို၍မရနိုင်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှ အယူခံလျှောက်ထားသူ၏ အခင်းဖြစ်ပစ္စည်းများအပေါ် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရ ထုတ်ပြန်ထားသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) ပါ ညွှန်ကြားချက်နှင့်အညီ စည်းကြပ်တန်ဖိုး AV ပေါ်တွင် ရွေးယူဒဏ်ငွေ RF $^{1}/_{4}$ AV ဖြင့်

ဒဏ်ကြေး RF ကျပ် ၂၄၄,၇၀၁,၆၀၀ တပ်ရိုက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနသည် ပြဋ္ဌာန်းထားသည့် ဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များအား ထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကုန်ပစ္စည်း တင်သွင်း/တင်ပို့သူများအနေဖြင့်လည်း ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များအား လိုက်နာရန်တာဝန်ရှိပါကြောင်း၊ ကုန်ပစ္စည်းများတင်သွင်းရာတွင် သွင်းကုန်လိုင်စင်/ပါမစ်နှင့် ကွဲလွဲခြင်းများ၊ ကုန်ပါစာရင်းချုပ်နှင့်ပတ်သက်၍ ကွဲလွဲခြင်းများ၊ သွင်းကုန်ကြေညာလွှာနှင့်ပတ်သက်၍ ကွဲလွဲခြင်းများ စသည့်ကွဲလွဲမှုအမျိုးမျိုး စစ်ဆေးတွေ့ရှိရမှုအပေါ် သွင်းကုန်လိုင်စင်/ပါမစ်နှင့် ကွဲလွဲပါက ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရလည်းကောင်း၊ ကုန်ပါစာရင်းချုပ်နှင့် ကွဲလွဲပါက ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ သွင်းကုန်ကြေညာလွှာနှင့် ကွဲလွဲပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၈၆ အရလည်းကောင်း ကျူးလွန်ရာရောက်ပြီး ပြစ်ဒဏ်အနေဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈)၊ ၁၆၇ (၃၅)၊ ၁၆၇ (၃၇) တို့အရ အရေးယူဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစား သင့်လျော်သောရွေးယူဒဏ်ငွေနှင့် ကျသင့်ခွန်ပေးဆောင်နိုင်စေခြင်းအား ကြိုတင်သိရှိနားလည်စေရေး၊ တစ်ပြေးညီဖြစ်စေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးတို့အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) ကို ကျင့်သုံး၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၁၀-၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပြီး တင်သွင်း၊ တင်ပို့သူများမှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပြစ်ဒဏ်ဖြေလျှော့သည့်အနေဖြင့် အကောက်ခွန်ဦးစီးဌာနမှ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) ဇယားအမှတ်စဉ် ၁၄ အား ပြင်ဆင်ဖြည့်စွက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း ရုံးတော်သို့ တင်ပြအပ်ပါကြောင်း၊

သို့ဖြစ်ပါ၍ အယူခံလျှောက်ထားသူ Myan Shwe Pyi Tractors Ltd သည် အခင်းဖြစ် Caterpillar တင်သွင်းရာတွင် Golden Autumn သင်္ဘောဖြင့် တရုတ်နိုင်ငံ Shanghai မှ ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် ထွက်ခွာခဲ့ပြီး မြန်မာနိုင်ငံသီလဝါဆိပ်ကမ်းသို့ ၂၈-၁၀-၂၀၂၁ ရက်နေ့တွင် ဆိုက်ရောက်ရှိခဲ့ခြင်း၊ သွင်းကုန်လိုင်စင်ကို ၂-၁၁-၂၀၂၁ ရက်နေ့တွင် ရရှိခဲ့ခြင်းတို့သည် သွင်းကုန်လိုင်စင်မရရှိမီ ၅ ရက် ကြိုတင်ရောက်ရှိတင်သွင်းခြင်းသည် ပို့ကုန်သွင်းကုန်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်ခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၂၀၁၅ ပါ သွင်းကုန်လိုင်စင်ရယူ တင်သွင်းရမည့်ပစ္စည်းများအတွက် ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိခြင်းမရှိစေရဟူသော ထုတ်ပြန်ချက်ကို ဖောက်ဖျက်၍ တင်သွင်းလာခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရ ထုတ်ပြန်ထားသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၂/၂၀၁၇) ကို ပြင်ဆင်ဖြည့်စွက်သည့် ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) ဇယား ၁၄ ကို ဖောက်ဖျက်ခြင်းကြောင့် $^{1}/_{4}$ AV ဖြစ်သည့် ဒဏ်ကြေးငွေကျပ် ၂၄၄,၇၀၁,၆၀၀ အား တပ်ရိုက်ခဲ့ခြင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး၏ အမိန့်ကို အတည်ပြုပြီး အယူခံလွှာကို "ပလပ်" ပေးပါရန် လျှောက်ထားသည်။

လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်ထားခံရသူ၏ ချေပချက်အပေါ် အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်ရရှိမှ တင်သွင်း၍ ရမည်ဆိုသည်ကို မိမိတို့အနေဖြင့် သိရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ Online ဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့မှုကို ရုံးတော်သို့ သက်သေခံအဖြစ် တင်သွင်းပြီးဖြစ်ပါကြောင်း၊ ထိုအချက်အရ လျှောက်ထားသူ၏ပေါ့လျော့မှု မဟုတ်သည်မှာ ထင်ရှားပါကြောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ တွင် အစိုးရဌာန၊ ဝန်ကြီးဌာနတစ်ခုခုက ကုန်ပစ္စည်းများ တင်သွင်း၊ တင်ပို့မည်ဆိုလျှင် ထုတ်ပြန်ခဲ့သည့် အမိန့်၊ ညွှန်ကြားချက်များကို အမိန့်ကြော်ငြာစာပုံစံဖြင့် ထုတ်ပြန်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ အဓိကအရေးယူသည့်အချက်သည် မှားယွင်းနေကြောင်းကို မိမိတို့ဘက်က တင်ပြခြင်းဖြစ်ပါကြောင်း၊ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) သည် Notification မဟုတ်ပါကြောင်း၊ ဥပဒေနှင့် တိမ်းစောင်းနေပါသဖြင့် ရုံးတော်က ပြန်လည်ပြုပြင်ပေးစေလိုပါကြောင်း၊ ဒဏ်ကြေးငွေအား နိုင်ငံတော်သို့ ပေးသွင်းထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်လည်း စီးပွားရေးကျပ်တည်း နေချိန်ဖြစ်သဖြင့် လျှောက်ထားသူမှ ဒဏ်ကြေးတစ်ဝက်လောက်ရရှိလျှင် ကျေနပ်ပြီးဖြစ်ပါကြောင်း မိမိအား မှာကြားခဲ့ပါကြောင်း၊ ရုံးတွင်းညွှန်ကြားလွှာဖြင့် အပြစ်ပေး၍မရပါကြောင်း၊ အပြစ်ပေးမည်ဆိုပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစား ထိုက်သင့်သော ရွေးယူဒဏ်ငွေဖြင့် ပေးဆောင်ခွင့်ပြုနိုင်ပါကြောင်း၊ ဥပဒေနှင့်အညီ တည့်မတ်ပေးသည့်အနေဖြင့် ရုံးတော်၏လုပ်ပိုင်ခွင့်ဖြစ်သော ထိုက်သင့်သည့် ဒဏ်ကြေးငွေတစ်ဝက်ဖြင့် ပြန်လည်ထုတ်ယူခွင့်ပြုမည်ဆိုပါက တရားမျှတမှုရှိမည်ဖြစ်ပါကြောင်း ထပ်မံတင်ပြလျှောက်ထားသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏လျှောက်လဲတင်ပြချက်များကိုကြားနာပြီးဖြစ်သည့်အပြင် အမှုတွဲပါ စာတမ်းအမှတ်အသားများ သက်သေခံချက်များကို အသေးစိတ်သေချာစွာ ကြည့်ရှုလေ့လာခဲ့ပါသည်။ ထိုသို့ လေ့လာခဲ့ရာတွင် လျှောက်ထားသူကုမ္ပဏီအနေဖြင့် သွင်းကုန်လိုင်စင် ရရှိရန်ကုန်သွယ်ရေးဦးစီးဌာနသို့ Online ဖြင့် ၃ ကြိမ် လျှောက်ထားရာ၌ ကုန်သွယ်ရေးဦးစီးဌာနမှ မှတ်ချက် ၂ ကြိမ် ရေးသားခဲ့ကြောင်း စာတမ်း အမှတ်အသားများတင်ပြထားသော်လည်း မြန်မာနိုင်ငံ၌ ၁-၁၀-၂၀၂၁ ရက်နေ့တွင် မော်တော်ယာဉ်နှင့် စက်ယန္တရားများ တင်သွင်းမှုဆိုင်ရာမူဝါဒများ အပြောင်းအလဲဖြစ်ပေါ်ခြင်းကြောင့်ဟု ခိုင်မာသော အထောက်အထားများ တင်ပြထားခြင်းမရှိကြောင်း၊ လျှောက်ထားသူ ကုမ္ပဏီအနေဖြင့် အခင်းဖြစ်ပစ္စည်းများကို စင်ကာပူနိုင်ငံ MSP Tractors Pte Ltd ထံမှ ၁၀-၉-၂၀၂၁ ရက်နေ့တွင် ဝယ်ယူခဲ့သော်လည်း သွင်းကုန်လိုင်စင် စတင်လျှောက်ထားသည့်နေ့မှာ ၅-၁၀-၂၀၂၁ ဖြစ်နေခြင်းကြောင့် ရက်ပေါင်း ၂၀ ကျော်ကြာမှ လျှောက်ထားကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူ တင်ပြထားသကဲ့သို့ ပုံမှန်အားဖြင့် သွင်းကုန်လိုင်စင်ကို Online မှ လျှောက်ထားရာတွင် ၃ ရက်အတွင်း ရလေ့ရှိကြောင်း သိရှိရသော်လည်း တင်သွင်းမှုဆိုင်ရာမူဝါဒ ပြောင်းလဲသည့် ၁-၁၀-၂၀၂၁ ရက်နေ့မတိုင်မီ သွင်းကုန်လိုင်စင်ရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ပါက ယခုကဲ့သို့ VPA ကိစ္စဖြစ်ပေါ်လာမှုမရှိဟု သုံးသပ်ရသည်။ မြန်မာနိုင်ငံဆိပ်ကမ်းသို့ အခင်းဖြစ်ပစ္စည်းရောက်ရှိသည့်နေ့မှာလည်း ၂၈-၁၀-၂၀၂၁ ရက်နေ့ဖြစ်သည့်အပြင် သွင်းကုန်လိုင်စင်ရရှိသည့်နေ့မှာ ၂-၁၁-၂၀၂၁ ရက်နေ့ဖြစ်ခြင်းကြောင့် သွင်းကုန်လိုင်စင်မရမီ ၅ ရက်ကြိုတင်၍ အခင်းဖြစ်ပစ္စည်းများ ရောက်ရှိနေကြောင်း တွေ့ရှိရသည်။ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၂၀၁၅ အပိုဒ် ၇၂ တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသည် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သည့် ကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်ခွင့်ပြုချက်ရရှိမှသာ တင်သွင်းခွင့်ရှိပါသည်ဟုလည်းကောင်း၊ အပိုဒ် ၇၄ တွင် သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့် ပစ္စည်းများအတွက် ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိခြင်း မရှိစေရဟုလည်းကောင်း၊ သတ်မှတ်ထုတ်ပြန်ထားချက်များကို ကုမ္ပဏီအနေဖြင့်လိုက်နာ ဆောင်ရွက်ထားခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။ လျှောက်ထားသူတရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း ၏ လျှောက်ထားလွှာပါ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ အခန်း ၄ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်အကြံပြုခြင်း၊ လျှောက်ထားချက်များသည် ယခုအယူခံမှုနှင့် စပ်ဆိုင်မှုမရှိဟု သုံးသပ်ရသည်။ လျှောက်ထားသူတရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း ထပ်မံတင်ပြသည့် ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) သည် အမိန့်ကြော်ငြာစာမဟုတ်သဖြင့် ယင်းညွှန်ကြားလွှာဖြင့် အရေးယူခဲ့ခြင်းသည့် ဥပဒေနှင့် လွန်မင်းစွာမှားယွင်းနေပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၈၃ အရ ထိုက်သင့်သော ရွေးယူဒဏ်ငွေဖြင့် ပေးဆောင်ခွင့်ပြုနိုင်ပါကြောင်း လျှောက်ထားချက် နှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရ ထုတ်ပြန်ထားသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) နောက်ဆက်တွဲ ဇယားအမှတ်စဉ် ၁၄ ၌ သတ်မှတ်ထားသည့် ပြစ်ဒဏ်အတိုင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည့်အမှုကိစ္စများကို အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇-၂၀၁၈) သို့ တင်ပြအတည်ပြုချက်ရယူပြီး ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) ဇယား ၁၄ ပါ ပြဋ္ဌာန်းချက်များကို ဖြေလျှော့သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယင်းသတ်မှတ်ချက်အရ $^1/_4$ AV ဒဏ်ကြေးတပ်ရိုက်ခဲ့ခြင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သုံးသပ်ရရှိသည်။ ထပ်မံတင်ပြသော တပ်ရိုက်ထားသော ဒဏ်ကြေးငွေ၏ တစ်ဝက်ကို လျှော့ပေးနိုင်ရန်မှာလည်း အကောက်ခွန်ဦးစီးဌာနမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေလျှော့ပေးထားပြီးဖြစ်ကြောင်း တွေ့ရှိရသဖြင့် ထပ်မံစဉ်းစားရန် မလိုအပ်တော့ကြောင်း သုံးသပ်ရသည်။

သို့ပါ၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

Myan Shwe Pyi Tractors Ltd က တင်သွင်းလာသော Caterpillar, C/O; China (3) Units ကို VPA (5) days ဖြစ်ပေါ်ခြင်းကြောင့် RF $^1/_4$ AV ဒဏ်ကြေးငွေကျပ် ၂၄၄,၇၀၁,၆၀၀ တပ်ရိုက်ခဲ့သော အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး၏ အမိန့်ကို အတည်ပြုပြီး ဤအယူခံလွှာကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဝင်းနိုင် | ဦးကြည် | ရီရီမြင့် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၂ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်–၄**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| ဦးဇင်လင်း (ခ) ချစ်ချစ်ကို အမှတ် (၃၉၆)၊ ရွှေဟသ်ာလမ်း၊ ကျိုက်ကော်ရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်။ | နှင့် | အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ |
| လျှောက်ထားသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးအောင်ကိုသန်း၊ (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်။ |

**စီ ရင် ချက်**

အမှုမှာ ၁၈–၆–၂၀၂၁ ရက်နေ့ (၁၃:၀၅) နာရီ အချိန်ခန့်တွင် ရန်ကုန်–ပဲခူး–မော်လမြိုင်လမ်း၊ မိုင်တိုင် အမှတ် (၇၅/၂) ၌ အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲ ညွှန်ကြားရေးမှူးဦးစီးသည့်အဖွဲ့က SOJEN DUMP TRUCK (6W) အမျိုးအစား ယာဉ်အမှတ် 1N/8038 ခန့်မှန်းတန်ဖိုးကျပ် ၁၂,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ရာ့နှစ်ဆယ်တိတိ) အား သတင်းအရ တားဆီးစစ်ဆေးရာ ယာဉ်ပေါ်တွင် ပြည်ပမှတင်သွင်းခွင့်မပြုသည့် ပိတ်ပင်တားမြစ်ထားသော CHANG Beer များ၊ သက်ဆိုင်ရာ ဌာနများမှ ထောက်ခံချက်လိုအပ်သော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် MASS (Serious Powder) များ တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိ၍ အခင်းဖြစ်ပစ္စည်းများအား သိမ်းဆည်းပြီး အခင်းဖြစ်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသောယာဉ်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့မှုကို ကျေနပ်မှုမရှိသဖြင့် အခွန်အယူခံခုံအဖွဲ့ထံ အယူခံဝင်ရောက်လာသော အကောက်ခွန်အယူခံမှု ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာ ခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်လဲတင်ပြရာ၌ အခင်းဖြစ် SOJEN DUMP TRUCK (6W) အမျိုးအစား ယာဉ်အမှတ် 1N/8038 ကို ကျိုက်ထိုမြို့နေ ဦးစိုးဝင်းဟိန်း ထံမှ ကျပ်သိန်း (၇၀) ဖြင့် ၁၈–၇–၂၀၁၉ ရက်နေ့တွင် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါကြောင်း၊ ၁၈–၆–၂၀၂၁ ရက်နေ့တွင် ဒိုက်ဦးနေအသိတစ်ယောက်က ရန်ကုန်သို့ ကုန်စည်အချို့ ပို့ဆောင်ပေးရန် ဆက်သွယ်လာသဖြင့် အခင်းဖြစ် CHANG Beer များနှင့် MASS (Serious Powder) များကို ကျပ် ၆ သိန်းဖြင့် လက်ခံတင်ဆောင်မောင်းနှင်ခဲ့စဉ် ရန်ကုန်–ပဲခူး–မော်လမြိုင်လမ်း၊ မိုင်တိုင်အမှတ် (၇၅/၂) ၌၊ တားဆီး စစ်ဆေးရာ အထောက်အထားမတင်ပြနိုင်သဖြင့် ကုန်စည်နှင့်ယာဉ်ကို အကောက်ခွန်အက်ဥပဒေများအရ

အရေးယူခံခဲ့ရပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများမှာ မြို့တိုင်းဆိုင်တိုင်း၌ အလွယ်တကူ ဝယ်ယူရရှိနိုင်သော ပစ္စည်းများဖြစ်၍ ပြည်တွင်းသို့ တရားဝင်ရောက်ရှိပြီးဖြစ်သည်ဟု ယုံကြည်မိ၍ လက်ခံပို့ဆောင်ပေးရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာအနေဖြင့် ယခုကဲ့သို့ သယ်ဆောင်လာသော Beer များကို အရေးယူပြီး မြို့ကြီးများရှိ ဆိုင်ကြီးများတွင် ရောင်းချနေသည်ကို အရေးမယူဘူးလားဟု စဉ်းစားစရာ ဖြစ်နေပါကြောင်း၊ သိမ်းဆည်းမိန့်တွင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့ဖြင့် အရေးယူခြင်းသည် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဒေသဝင်ပေါက်များမှ တရားမဝင် ခိုးသွင်းသည့်အချိန်၌ ဖမ်းဆီးရမိမှုအပေါ် အရေးယူသည့် ပုဒ်မများ ဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများ ဖမ်းဆီးရမိသောနေရာသည် ပြည်ပနိုင်ငံတစ်ခုခုနှင့် ဆက်သွယ်မှုရှိသည့်နေရာ မဟုတ်သည့်အပြင် အခြားနိုင်ငံ တစ်ခုခုဟုဆိုရန် ခဲယဉ်းကြောင်း၊ ပြည်တွင်းသို့ ရောက်ရှိနှင့်ပြီးသော ကုန်ပစ္စည်းကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့အရ အရေးယူခြင်းထက် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ လည်းကောင်း၊ အထူးကုန်စည်ခွန်ဥပဒေအရလည်းကောင်း အရေးယူခြင်းက ပိုမိုလျော်ကန်မည်ဖြစ်ကြောင်း၊ အခင်းဖြစ်ဘီယာများသည် တားမြစ်ပိတ်ပင်ထားသောပစ္စည်းများ မဟုတ်ဘဲ ကန့်သတ်ပစ္စည်းများသာ ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမိန့်အမှတ် (၃/၂၀၁၁) ဖြင့် အရက်၊ ဝိုင်၊ ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်ထားသော ပစ္စည်းများကို ပြည်ပမှ တင်သွင်းခွင့် မပြုရန် ထုတ်ပြန်ခဲ့သည့် အမိန့်ကိုပယ်ဖျက်၍ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၃) ဖြင့် (ဝိုင်) ကို ချန်လှပ်ကာ အရက်၊ ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်ထားသော ပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့် မပြုကြောင်း ပြင်ဆင်ခဲ့ပါကြောင်း၊ ထပ်မံ၍ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) ဖြင့် ယခင်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၃) ကို ပယ်ဖျက်ကာ (အရက်) ကို ချန်လှပ်၍ ဘီယာ၊ စီးကရက်နှင့် တည်ဆဲ ဥပဒေအရ ကန့်သတ်ထားသော ပစ္စည်းများကို ပြည်ပမှ တင်သွင်းခွင့်မပြုကြောင်း ပြင်ဆင်သတ်မှတ် ခဲ့ပါကြောင်း၊ ပထမအကြိမ် ဝိုင်ကိုလည်းကောင်း၊ ဒုတိယအကြိမ် အရက်ကိုလည်းကောင်း တင်သွင်းခွင့် ပြုခဲ့ခြင်းကို ကြည့်ခြင်းဖြင့် အဆိုပါကုန်ပစ္စည်း (၅) မျိုးသည် ကန့်သတ်ပစ္စည်းများဖြစ်ကြောင်း၊ မော်တော်ယာဉ်၏ တန်ဖိုးကို ကျပ်သိန်း (၁၂၀) ဟု ဌာနက သတ်မှတ်တန်ဖိုးသည် ဝယ်ယူစဉ်က တန်ဖိုး ကျပ်သိန်း (၇၀) ထက် များပြားနေပါကြောင်း၊ ယာဉ်သည် နှစ်ကာလကြာလာသည်နှင့်အမျှ တန်ဖိုးလျော့သွား ပါကြောင်း၊ တန်ဖိုးတက်သွားခြင်းမရှိပါကြောင်း၊ ထို့အပြင် ကန့်သတ်ပစ္စည်းများကို သယ်ဆောင်ရာတွင် အသုံးပြုခဲ့သောယာဉ်ကို အရေးယူရာ၌ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အရ စည်းကြပ်တန်ဖိုးလည်း မဟုတ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာသည် ပစ္စည်းကိုသာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဖြစ်ပြီး ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု မဆိုလို ပါကြောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေတွင် လည်းကောင်း၊ ကုန်းလမ်းအကောက်ခွန်အက် ဥပဒေတွင် လည်းကောင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု မပါရှိဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်ဟုသာ ပါရှိပါကြောင်း၊ ပိုင်ရှင်၊ ယာဉ်မောင်းများသည် သယ်ဆောင်ခအနည်းငယ်မျှရရုံဖြင့် ယာဉ်ကိုအပြီးအပိုင်သိမ်းဆည်းခြင်းခံရမည်ဆိုပါက မည်သို့မျှ မျှတမှုရှိသည်ဟုမဆိုနိုင်ပါကြောင်း၊ ပြည်တွင်းသို့ ရောက်ရှိနေသည့် အဆိုပါဘီယာများကို သဘောရိုးဖြင့် သယ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ ပထမဦးဆုံးအကြိမ် ကျူးလွန်မိခြင်းဖြစ်ပါကြောင်းနှင့် ယာဉ်ကို ရွေးယူဒဏ်ငွေဖြင့် ရွေးယူခွင့်ပေးခြင်းဖြင့် သက်ညှာစွာ ကုစားပေး ပါရန် လျှောက်ထားပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ်က ချေပလျှောက်လဲရာ၌ အခင်းဖြစ် မော်တော်ယာဉ်ပေါ်တွင် တင်သွင်းသယ်ဆောင်လာသော ကုန်ပစ္စည်းများမှာ ပြည်ပမှ တင်သွင်းခွင့်မပြုသော တားမြစ်ထားသည့် CHANG Beer များ (ခန့်မှန်းတန်ဖိုး ကျပ် ၅,၅၈၀,၀၀၀) နှင့် ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော်အတွင်းမှ ထုတ်လုပ်ခြင်းမဟုတ်ဘဲ ပြည်ပမှ ထုတ်လုပ်တင်သွင်းရမည့် အခြားကုန်ပစ္စည်းများဖြစ်၍ သက်ဆိုင်ရာဌာနမှ ထောက်ခံချက်လိုအပ်သော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် MASS (Serious Powder) များနှင့် အခြားအစားထိုးစားသောက်ကုန်များ (ခန့်မှန်းတန်ဖိုးကျပ် ၄၅,၇၉၂,၀၀၀/–) တို့ဖြစ်ရာ အခင်းဖြစ်ကုန်ပစ္စည်းတို့၏ တန်ဖိုးများမှာ စီးပွားဖြစ်ရောင်းချရန်အလို့ငှာ အဆမတန် တန်ဖိုးကြီးမားသော ပမာဏများစွာကို တင်သွင်းသယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာနသည် အခင်းဖြစ်ကုန်ပစ္စည်းများအား သတင်းပေးသူ၏ တိကျခိုင်မာသော သတင်းပေးချက်များအရ အချိန်နှင့်တစ်ပြေးညီ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ အကောက်ခွန်လှုပ်ရှားစစ်ဆေးရေးအဖွဲ့မှ အကောက်ခွန် လုပ်ထုံးလုပ်နည်းများအတိုင်း တားဆီးစစ်ဆေးဖမ်းဆီးမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အယူခံလျှောက်ထားသူ ဦးဇင်လင်း (ခ) ချစ်ချစ်ကို ၏ အကောက်ခွန်အရာရှိရှေ့မှောက်ထွက်ဆိုချက်တွင် "သူငယ်ချင်းဖြစ်သူ ကိုလင်းကိုမှ သူ၏ကား BGO 1N/8030 Drump Truck ယာဉ်အားမောင်းပေးရန် အကူအညီတောင်းခဲ့သဖြင့် ၁၈–၆–၂၀၂၁ ရက်နေ့တွင် ကျိုက်ထိုမြို့အနီး၊ ကျိုက်ထီးရိုးကလေးတောင်ရိုးရော်ဘာတောအတွင်းတွင်ဘီယာများတင်ဆောင်ထားသောအဆိုပါမော်တော်ယာဉ်အားတောင်ပေါ်မှ သိမ်ဇရပ်မြို့၊ ထိုမှတစ်ဆင့် စစ်တောင်းတံတားသစ်မှ ရန်ကုန်–ပဲခူး–မော်လမြိုင်လမ်းမအတိုင်း မောင်းနှင်လာခဲ့ရာ လှုပ်ရှားစစ်ဆေးရေးအဖွဲ့၏ သတင်းအရ တားဆီးစစ်ဆေးဖမ်းဆီးခဲ့မှုကို ခံခဲ့ရပါကြောင်း" ဟု ထွက်ဆိုထားပါကြောင်း၊ အခင်းဖြစ် မော်တော်ယာဉ်မှာလည်း သာမန်ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးယာဉ်မဟုတ်ဘဲ ဆောက်လုပ်ရေး လမ်းတံတားလုပ်ငန်းခွင်သုံး ခေါက်တိုမော်တော်ယာဉ်ဖြစ်နေပြီး မော်တော်ယာဉ်ပေါ်တွင် ဆောက်လုပ်ရေး လမ်းတံတားလုပ်ငန်းခွင်သုံးပစ္စည်းများ သယ်ဆောင်လာသည့်ပုံစံ ထင်မှတ်စေရန်နှင့် အကောက်ခွန်စစ်ဆေးရေးအရာရှိများ ထင်ယောင်ထင်မှားဖြစ်စေရန် အဆိုပါ ဘီယာဖာများနှင့် တင်သွင်းခွင့်ထောက်ခံချက်လိုအပ်သော တရားမဝင်ကုန်ပစ္စည်းများကို တင်သွင်းသယ်ဆောင်လာခြင်းသည် ကြံ့တင်ကြံစည်အားထုတ်၍ သယ်ဆောင်လာခြင်းဖြစ်သည်မှာ ထင်ရှားနေပါကြောင်း၊ အဆိုပါယာဉ်ဖြင့် သယ်ဆောင်လာသောအခင်းဖြစ်ပစ္စည်းများသည် ပြည်ပမှ တင်သွင်းခွင့်မပြုသော ပြည်ပနိုင်ငံထုတ် Chang Beer များဖြစ်သဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ ကို ဆန့်ကျင်ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ပြည်ပနိုင်ငံထုတ် MASS (Serious Powder) (Supplementary Sports Food) အစားထိုးစားသောက်ကုန်များသည် သက်ဆိုင်ရာဌာနမှ ထောက်ခံချက် လိုအပ်သောပစ္စည်းများဖြစ်သည့်အပြင် တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်နေသည့်အပြင် အခင်းဖြစ်မော်တော်ယာဉ်သည် အခင်းဖြစ်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်ဖြစ်နေသည်မှာ အငြင်းမပွားပေါ်ပေါက်ကြောင်း၊ ပြည်ပမှတင်သွင်းခွင့်မပြုသော ပြည်ပနိုင်ငံထုတ် Chang Beer များနှင့် သက်ဆိုင်ရာဌာနမှ ထောက်ခံချက်လိုအပ်သော ပြည်ပနိုင်ငံထုတ် MASS (Serious Powder) (Supplementary Sports Food) အစားထိုးစားသောက်ကုန်များအားသယ်ဆောင်လာခြင်းသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် ၆၄/၂၀၂၀ ပါ ညွှန်ကြားချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများသယ်ဆောင်ရာတွင် အသုံးပြုသောယာဉ်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်သောကြောင့် အယူခံလွှာကို ပလပ်ပေးပါရန် တင်ပြသည်။

လျှောက်ထားခံရသူ၏ချေပလျှောက်လဲချက်နှင့်စပ်လျဉ်း၍လျှောက်ထားသူ၏တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က အခင်းဖြစ်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်သည် ဆောက်လုပ်ရေးလမ်းတံတား လုပ်ငန်းခွင်သုံး ခေါက်တိုမော်တော်ယာဉ်ဖြင့် ပစ္စည်းများကို လျှို့ဝှက်သယ်ဆောင်လာခြင်းဖြစ်ကြောင်း ဌာနဆိုင်ရာဘက်ကလျှောက်ထားသော်လည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ညွှန်ကြားချက် အမှတ် ၆၄/၂၀၂၀ တွင် ယာဉ်ကို အမိပွာယ်ဖွင့်ဆိုရာ၌ အုတ်သဲ ကျောက်ကား၊ ခရီးသည်တင်ကားဟု အမိပွာယ် ဖွင့်ဆိုထားခြင်း မရှိပါကြောင်းနှင့် သိမ်းဆည်းမိန့်တွင် လျှို့ဝှက်သယ်ဆောင်ကြောင်း ဖော်ပြထားခြင်းမရှိ၍ ထည့်သွင်းမစဉ်းစားသင့်ပါကြောင်း၊စစ်ဆေးရေးဂိတ်မှဖြစ်စေ၊တောလမ်းမှဖြစ်စေ ပစ္စည်းသယ်ဆောင်စေကာမူ တရားမဝင်ပစ္စည်းဆိုလျှင် တရားမဝင်ပစ္စည်းပဲဖြစ်ပါကြောင်း အငြင်းပွားစရာအကြောင်းမရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာများဖြင့် ပြည်ပမှတင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများအား ကန့်သတ်ပစ္စည်း/ကန့်သတ်၊ တားမြစ်ပစ္စည်းဟု သုံးနှုန်းထားရာ လျှောက်ထားသူက အမှုပေါ့စေချင်၍ ကန့်သတ်ပစ္စည်းဟုသုံးကာ ဌာနဆိုင်ရာဘက်က ကန့်သတ်၊ တားမြစ်ပစ္စည်းဟု အငြင်းပွား နေသော်လည်း ကားကိုသိမ်းဆည်းခြင်းမလုပ်သင့်ပါကြောင်း၊၁၅-၆-၂၀၂၀ရက်နေ့တွင် ထုတ်ပြန်သောစီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် ၆၄/၂၀၂၀ တွင် ကန့်သတ်ပစ္စည်းကို အမိပွာယ် ဖွင့်ဆိုထားပါကြောင်း၊ ၂၅-၅-၂၀၂၀ နေ့တွင် ထုတ်ပြန်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် ကန့်သတ်၊ တားမြစ်ပစ္စည်းဟု ဆိုထားပါကြောင်း၊ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အမိပွာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (ဆ) တွင် ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တို့ ဆန့်ကျင်ကွဲလွဲလျှင် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည် ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၃၈/၂၀၂၀ သည် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန၏ ညွှန်ကြားချက်အမှတ် ၆၄/၂၀၂၀ ကို မလွှမ်းမိုးပါကြောင်း ရှင်းလင်းတင်ပြပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်လျှောက်လဲတင်ပြချက်များကို ကြားနာခဲ့ပြီးအမှုတွဲပါ ပေါ်ပေါက်ချက် များကို လေ့လာစိစစ်ရာ လျှောက်ထားသူက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၆၄/၂၀၂၀ ကို ရည်ညွှန်း၍ အခင်းဖြစ်ပစ္စည်းများ သယ်ဆောင်လာသည့်ယာဉ်ကို ရွေးယူဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုရန် တင်ပြထားပြီး လျှောက်ထားခံရသူဘက်က သိမ်းဆည်းရမိသည့် အခင်းဖြစ်ပစ္စည်းများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ ကို ရည်ညွှန်း၍ တားမြစ်ပိတ်ပင်ထားသည့် ကုန်ပစ္စည်းများဖြစ်ကြောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀၊ အပိုဒ် ၃ (က) ပါ သတ်မှတ်ချက်နှင့် ငြိစွန်းအကျုံးဝင်ခြင်းကြောင့် အခင်းဖြစ်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်သာ ဖြစ်ကြောင်း ချေပတင်ပြထားသည်။

လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေကတင်ပြသော ယာဉ်တန်ဖိုးသတ်မှတ်ချက်နှင့် စပ်လျဉ်း၍ အမှုတွင်ပေါ်ပေါက်ချက်အရ ယာဉ်တန်ဖိုးသတ်မှတ်ရေးအဖွဲ့က စိစစ်သတ်မှတ်ထားသောတန်ဖိုးဖြစ်၍ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေကတင်ပြသော ယခုကဲ့သို့ သယ်ဆောင်လာသော Beer များကို အရေးယူပြီး မြို့ကြီးများရှိဆိုင်ကြီးများတွင် ရောင်းချနေသည်ကို အရေးယူခြင်း မယူခြင်းနှင့်စပ်လျဉ်း၍ အမှုအားကြားနာစစ်ဆေးဆုံးဖြတ်ရာတွင် အမှုနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော ကိစ္စရပ်များကိုသာ ထည့်သွင်း

စဉ်းစားပြီး ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ သုံးသပ်ဆုံးဖြတ်ရခြင်းဖြစ်သောကြောင့် အလားတူ ကိစ္စရပ်များတွင် အခြားသူများအပေါ် ခွင့်ပြုထားခြင်း ရှိ မရှိ၊ အရေးယူခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍ ခုံအဖွဲ့က စဉ်းစားဆောင်ရွက်ရန်ဆီလျော်သော အချက်မဟုတ်ပေ။

သက်သေခံယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့် မသင့်နှင့် စပ်လျဉ်း၍ အခင်းဖြစ် ပစ္စည်းများဖြစ်သော ပြည်ပနိုင်ငံထုတ် Chang Beer များသည် တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းဖြစ်သည် သို့မဟုတ် ကန့်သတ်ထားသော ကုန်ပစ္စည်းဖြစ်သည်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ ပါ သတ်မှတ်ချက်များအတိုင်း သုံးသပ်ရန်ဖြစ်ပြီး ဖောက်ဖျက်ကျူးလွန် ပါက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ဖ၄/၂၀၂၀ ပါ လုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူရန်ဖြစ်သည်။

ပြည်ပမှ တင်သွင်းခွင့်မပြုသော တားမြစ်ထားသည့် Chang Beer များနှင့် MASS (Serious Powder) (Supplementary Sports Food) အစားထိုး စားသောက်ကုန်များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သွင်းကုန်လိုင်စင် လျှောက်ထားရယူရန်စာရင်းတွင် အကျုံးဝင်သော ကုန်ပစ္စည်းဖြစ်သော်လည်း ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာမပါဘဲ တရားမဝင် သယ်ဆောင်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် ဘီယာအား ပြည်ပမှတင်သွင်းခွင့်မပြုသော ပစ္စည်းအဖြစ် သတ်မှတ်ထားသည်ကိုတွေ့ရှိရသဖြင့် ဘီယာသည် တားမြစ်ထားသည့် ကုန်ပစ္စည်းဖြစ်သည်မှာ ထင်ရှားသည်။ ယင်းအမိန့်ကြော်ငြာစာ၏ အပိုဒ် (၁)၊ အပိုဒ်ခွဲ (က) တွင် ဘီယာကို တင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းအဖြစ် သီးခြားဖော်ပြတားမြစ်ထားပါလျက် အပိုဒ်ခွဲ (ဂ) ပါ တည်ဆဲဥပဒေအရ ကန့်သတ်၊ တားမြစ်ထားသော ကုန်ပစ္စည်းများဟု ဖော်ပြချက်ကိုအကြောင်းပြု၍ ဘီယာသည်ကန့်သတ်ပစ္စည်းဖြစ်သည်ဟု လိုရာဆွဲ၍ သတ်မှတ်ရန် သင့်လျော်မည်မဟုတ်ပေ။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာသည် ပစ္စည်းကိုသာ ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဖြစ်ပြီး ယာဉ်ကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟုမဆိုလိုကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ အဆိုပါအမိန့်ကြော်ငြာစာသည် ပြည်ပမှတင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်း များအား ပြင်ဆင်သတ်မှတ်သည့် အမိန့်ကို ထုတ်ပြန်ခဲ့ခြင်းသာဖြစ်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန၏ အမိန့်ကြော်ငြာစာအမှတ် ဖ၄/၂၀၂၀ သည် ပိတ်ပင်တားမြစ်ထားသော ကုန်ပစ္စည်း၊ ကန့်သတ်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်နှင့် တိရစ္ဆာန်များအား အရေးယူခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားခြင်းဖြစ်သောကြောင့် ဆက်စပ်မှုရှိသော်လည်း သီးခြားစီ အဓိပ္ပာယ်သက်ရောက်မှုရှိသော အမိန့်ကြော်ငြာစာများဖြစ်သည်။ သို့ဖြစ်၍ မည်သည့်ထုတ်ပြန်ချက်က မည်သည့်ထုတ်ပြန်ချက်ကို လွှမ်းမိုးသည်ဟုဆိုနိုင်မည်မဟုတ်ပေ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာသည် တားမြစ်ချက်ဖြစ်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာသည် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြစ်ကြောင်း ခွဲခြားသိရှိရန်လိုအပ်သည်။

ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေတွင်လည်းကောင်း၊ ကုန်းလမ်းအကောက်ခွန် အက်ဥပဒေတွင်လည်းကောင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟုမပါရှိဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်ဟုသာပါရှိကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ မူရင်းဥပဒေများတွင် Shall be liable to confiscation ဟု ပြဋ္ဌာန်းထားသဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ဖ၄/၂၀၂၀ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည်ဥပဒေအရ မှားယွင်းမှုမရှိကြောင်း တွေ့ရှိရသည်။

ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သော မော်တော်ယာဉ်ကို လျှောက်ထားသူမှာ ဦးဇင်လင်း (ခ) ချစ်ချစ်ကို ဖြစ်သော်လည်း ယာဉ်အားမှတ်ပုံတင်ထားရာတွင် ကုမ္ပဏီအမည်ဖြစ်ကြောင်း၊ ကုမ္ပဏီနှင့် အရောင်းအဝယ် ပြုလုပ်သူမှာ ဦးဇင်လင်း (ခ) ချစ်ချစ်ကို မဟုတ်ကြောင်း ပေါ်ပေါက်ချက်အရ အဆိုပါယာဉ်ကိုပိုင်ဆိုင်ကြောင်း ခိုင်လုံသော အထောက်အထားအား ရုံးတော်သို့ ဆက်လက်တင်ပြနိုင်ခြင်းမရှိသဖြင့် လျှောက်ထားသူအား နစ်နာသူအဖြစ် ရုံးတော်မှယူဆနိုင်ရန် ပြည့်စုံခိုင်လုံသော အထောက်အထားတင်ပြနိုင်မှုမရှိခြင်း၊ ပြည်ပမှ တင်သွင်းခွင့်မပြုသော ပြည်ပနိုင်ငံထုတ် Chang Beer များနှင့် သက်ဆိုင်ရာဌာနမှ ထောက်ခံချက်လိုအပ်သော ပြည်ပနိုင်ငံထုတ် MASS (Serious Powder) (Supplementary Sports Food) အစားထိုးစားသောက်ကုန် များအား တင်သွင်းခွင့်ထောက်ခံချက် တင်ပြနိုင်မှုမရှိခြင်းကြောင့် တားမြစ်ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသောယာဉ်ကို အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ၏ အပိုဒ် ၃ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ကွဲလွဲ၍ ဆောင်ရွက်ထားသည်ဟုမဆိုနိုင်ပေ။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန၏ ၂၃-၁၁-၂၀၂၁ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁-ထလ/၂၀၂၁ (၀၀၃-ခ) ဖြင့် ချမှတ်ခဲ့သည့်အမိန့်ကို အတည်ပြုပြီး ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ကျော်ကျော် | ရီရီမြင့် | ဇေယျကြည်ညွှန့် |
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၂၁/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

### မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံတွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး (၄၆) ရုံး တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံတွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး (၄၆) ရုံး တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ပြုနိုင်ပါရန် တင်ပြထားရှိခဲ့ရာ ရုံးလုပ်ငန်းကိစ္စများ၊ လိုအပ်သောစာရွက်စာတမ်းများအား အချိန်မီကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ခွင့်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၅၂၉၅) နေရာ၊ အမှုထမ်းရာထူး (၁၇၅၉၀၃) နေရာ စုစုပေါင်းရာထူး (၁၈၁၁၉၈) နေရာဖြင့်

ဖွဲ့စည်းထားရှိရာမှ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး (၄၆) ရုံးအတွက် အရာထမ်းရာထူး (၃၂၂) နေရာ၊ အမှုထမ်းရာထူး (၇၃၁၄) နေရာ ထပ်မံတိုးချဲ့ပြီး အရာထမ်းရာထူး (၅၆၁၇) နေရာ၊ အမှုထမ်းရာထူး (၁၈၃၂၁၇) နေရာ စုစုပေါင်းရာထူး (၁၈၈၈၃၄) နေရာအား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၂၂/၂၀၂၂)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီဒုတိယရဲမှူးကြီး (၃) ဦးတို့အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်–

| | | |
|---|---|---|
| (၁) | ရဲ ၃၀၅၇ ယာယီဒုတိယရဲမှူးကြီး ခင်မောင်လေး<br>တပ်ဖွဲ့ခွဲမှူး၊ တပ်ဖွဲ့ခွဲ (၄) (ပုဂံ)<br>ရထားရဲတပ်ဖွဲ့ | ၂၆–၆–၂၀၂၂ |
| (၂) | ရဲ ၆၆၁၅ ယာယီဒုတိယရဲမှူးကြီး မျိုးမင်းကို<br>မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြောင်မြို့နယ်<br>တပ်ဖွဲ့ခွဲမှူး၊ အမှတ် (၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ | ၂၈–၆–၂၀၂၂ |
| (၃) | ရဲ ၅၄၉၉ ယာယီဒုတိယရဲမှူးကြီး အောင်ဇော်ဝင်း<br>မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြောင်မြို့နယ်<br>တပ်ဖွဲ့ခွဲမှူး၊ အမှတ် (၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ | ၂၇–၆–၂၀၂၂ |

## အမိန့်ကြော်ငြာစာ (၆၃၈/၂၀၂၂)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာမြို့သစ် (၇) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ်–၁၃၆၈ ရှိ **မြေဧရိယာ ၅.၀၅၁ ဧက** ကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ **ပဲခူးမြို့နယ် ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆၃၉/၂၀၂၂)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ နန်းခဲရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၇/ရုံးကြီးအကွက်)၊ ဦးပိုင်အမှတ် – ၁၄ ရှိ **မြေဧရိယာ ၁.၃၃၈ ဧက** ကို **သထုံခရိုင်နှင့် မြို့နယ်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၄၅/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီဒုတိယရဲမှူးကြီး (၅) ဦးတို့အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၃၀၈၉ ယာယီဒုတိယရဲမှူးကြီး စိုးမင်းသိန်း<br>တပ်ဖွဲ့ခွဲမှူး၊ အမှတ် (၄) မူးယစ်တပ်ဖွဲ့ခွဲ (မြစ်ကြီးနား)<br>မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | ၃၀-၆-၂၀၂၂ |
| (၂) | ရဲ ၇၀၂၉ ယာယီဒုတိယရဲမှူးကြီး ဇေယျာဝင်း<br>တပ်ဖွဲ့ခွဲမှူး၊ အမှတ် (၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ | ၂၉-၆-၂၀၂၂ |
| (၃) | ရဲ ၁၆၉၄ ယာယီဒုတိယရဲမှူးကြီး ကျော်ဇင်ထွန်း<br>တပ်ဖွဲ့ခွဲမှူး၊ အမှတ် (၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ | ၃၀-၆-၂၀၂၂ |
| (၄) | ရဲ ၃၃၈၁ ယာယီဒုတိယရဲမှူးကြီး စိုးအောင်<br>ခရိုင်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်<br>မွန်ပြည်နယ်ရဲတပ်ဖွဲ့ | ၁-၇-၂၀၂၂ |
| (၅) | ရဲ ၃၀၁၈ ယာယီဒုတိယရဲမှူးကြီး လှဦး<br>ခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်တွေခရိုင်<br>ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ | ၂၉-၆-၂၀၂၂ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၅၁/၂၀၂၂)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၃) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | လ ၁၆၇၁၇၄ ရဲအုပ် မျိုးဝင်း<br>မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၁၂၁ |
| (၂) | လ ၁၉၈၁၈၀ ရဲအုပ် ချစ်စမ်းမောင် (ခ) ရဲရင့်မောင်<br>ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၁၂၂ |
| (၃) | လ ၁၉၉၀၁၀ ရဲအုပ် မင်းမင်း<br>ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၁၂၃ |

## အမိန့်ကြော်ငြာစာ (၆၅၂/၂၀၂၂)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်/အမည် [၁(က)/ ကန်ကြီး]၊ ဦးပိုင်အမှတ် (ဃ/၁၄) ရှိ **မြေဧရိယာ ၀.၉၉၈ ဧက** အား **မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး**

**တိုးတက်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆၅၃/၂၀၂၂)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေကို အများပြည်သူ အကျိုးငှာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ **အမှတ် (၁) သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် **ကာကွယ်ရေးဝန်ကြီးဌာန** မှ အလိုရှိကြောင်း ကြေညာလိုက်သည်-

### မြေတည်ရှိရာဒေသ

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/အမည် | ဦးပိုင်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| မကွေး | အောင်လံ | ငါ့ပြင်း၊ ကွမ်းလောင်း၊ မြင်းကပိုင်၊ | ကွင်းပေါင်း (၈) ကွင်း | ၇၇ ခု | ၇၈.၇၄ |
| **စုစုပေါင်း** | | | **၈ ကွင်း** | **၇၇ ခု** | **၇၈.၇၄** |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃ (ဂ) တွင် အပ်နှင်းထားသောလုပ်ပိုင်ခွင့်များအရ အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စ အဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဆောင်ရွက်ရန် အောင်လံ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အောက်ဖော်ပြပါမြေများကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ "အမှတ် (၁) သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး)" အတွက် သိမ်းဆည်းရန်အလိုရှိကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား **နောက်ဆက်တွဲပါ** အတိုင်းဖော်ပြအပ်ပါသည်-

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | အမှတ် (၁) သံမဏိစက်ရုံပင်မဧရိယာ |
| အနောက်လားသော် | - | ပြည်-ပုဂံရထားလမ်း |
| တောင်လားသော် | - | ကျောက်စွယ်ကျိုးကျေးရွာ |
| မြောက်လားသော် | - | ဒုရင်ဗိုလ်သကြားစက် |

စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၂၀ ပြည့်နှစ်အတွက် အသုံးပြုသော မြေပုံများအရဖြစ်၍ အထက်ဖော်ပြပါမြေပုံကို အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရနှင့် မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ "အမှတ် (၁) သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး)" အဖြစ် အသုံးပြုရန်အတွက် **ကာကွယ်ရေးဝန်ကြီးဌာန** သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ်တော်အရာရှိအား ညွှန်ကြားလိုက်သည်။

မြေသိမ်းဆည်းလွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၆၁/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (မြောက်ပိုင်း) ခရိုင် (လက်ရှိ အင်းစိန်ခရိုင်)၊ အင်းစိန်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒုတိယကြီးကြပ်ရေးမှူး ဦးတင်ဝင်း၏ နိုင်ငံတော်ဘဏ္ဍာငွေအလွဲသုံးစားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ၎င်းပိုင်ဆိုင်သော အောက်ဖော်ပြပါ ပစ္စည်းများကို ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၃ အရ ဝရမ်းကပ်သိမ်းဆည်းခြင်း ဆောင်ရွက်နိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းဒေသကြီး၊ အလုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင် (ပ/၅၆၅၈) အား ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို အပ်နှင်းလိုက်သည်-

(က) အခန်းအမှတ် (၅၈/ဘီ)၊ ဗိုလ်သူရလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊

( ခ ) ဦးတင်ဝင်း၏ ပထမဇနီးဖြစ်သူ ဒေါ်ခင်မြင့်၏ ပုဂ္ဂလိကဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ထားရှိမှုများ၊

( ဂ ) ဦးတင်ဝင်း၏ ဒုတိယဇနီးဖြစ်သူ ဒေါ်ငြိမ်းမြသူ၏ ပုဂ္ဂလိကဘဏ်များတွင် ငွေစာရင်း ဖွင့်လှစ်ထားရှိမှုများ။

**အမိန့်ကြော်ငြာစာ (၆၆၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ ဟိုင်းလိုက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (OSS)၊ ဦးပိုင်အမှတ် (၁)၊ မြေကွက်အမှတ် (၁ မှ ၁၆)၊ **မြေဧရိယာ ၁၂၇.၀၀ ဧက** ရှိ မြေအား **စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ (အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆၆၉/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇-ခ/နန္ဒဝန်)၊ ဦးပိုင်အမှတ် (၅၅-က) ရှိ **မဓမ္မဝိဟာရကျောင်းတိုက် အခွန်လွတ်သာသနာ့မြေဧရိယာ ၀.၆၄၃ ဧက** အနက်မှ **၀.၀၈၂ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယိကာမ ဒေါ်တင် [၁၂/တမန (နိုင်) ၀၄၃၉၆၄] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၇၀/၂၀၂၂)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ် (၆) ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၄၄၅၊ တက်သေးကွင်း)၊ မြေကွက်အမှတ် (၁၃၅)၊ **မြေဧရိယာ ၄.၀၀ ဧက** ရှိ မြေအား **မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ဆောက်လုပ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဆောက်လုပ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆၇၁/၂၀၂၂)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၂၄/တဲကြီးတန်း)၊ ဦးပိုင်အမှတ် (၁၅)၊ **မြေဧရိယာ ၀.၂၄၆ ဧက** ရှိ မြေအား **လူမှုဝန်ထမ်း ဦးစီးဌာန၊ မူလတန်းကြိုကျောင်း (ရမည်းသင်းမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆၇၂/၂၀၂၂)

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ စကုမြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက် အမှတ်နှင့် အမည် (၁၂၄၄-င)/နွားကူးချောင်းကွင်း၊ မြေကွက်အမှတ် -၁၆၊ **မြေဧရိယာ ၄.၉၃ ဧက** ရှိ မြေအား **မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

**မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းရန်အတွက် လေ့လာသုံးသပ်အကြံပြုရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။　မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၁ ဖြင့် ဖျက်သိမ်းခဲ့ပါသည်။

၂။　သို့ပါ၍ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် **မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းရန်အတွက် လေ့လာသုံးသပ်အကြံပြုရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က)　ဦးမောင်မောင်ဝင်း　ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ)　ဒေါ်သန်းသန်းလင်း　အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ)　ဒေါက်တာ စိုးဝင်း　အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ပညာရေးဝန်ကြီးဌာန

(ဃ)　ဒေါက်တာ ဝါဝါမောင်　အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(င)　ဒေါ်သွေးသွေးချစ်　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ)　ဒေါက်တာ သီတာကြူ　အဖွဲ့ဝင်
ပါမောက္ခချုပ်
မုံရွာစီးပွားရေးတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဆ)　ဒေါက်တာ ဇော်ဦး　အကြံပေး
အမှုဆောင်ညွှန်ကြားရေးမှူး
မြန်မာ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

( ၉ ) ဒေါက်တာ ခင်မောင်ညွန့် အကြံပေး
Senior Research Fellow
မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI)

( ၁၀ ) ဦးဟန်မျိုးအောင် အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၃။ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းရန်အတွက် လေ့လာသုံးသပ်အကြံပြုရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) MDI အား လွတ်လပ်သောအဖွဲ့အစည်း (Independent Institute) အဖြစ် ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် သုံးသပ်တင်ပြရန်၊

( ခ ) ဖဟိုကော်မတီနှင့် လုပ်ငန်းအဆင့်ကော်မတီကို ဖွဲ့စည်းနိုင်ရေး အကြံပြုတင်ပြရန်၊

( ဂ ) MDI ကို ပြန်လည်ဖွဲ့စည်းရာ၌ မြန်မာနှင့် ကိုရီးယားတို့အကြား သဘောတူလက်မှတ်ရေးထိုးထားသည့် MOU၊ ROD၊ Master Plan လုပ်ငန်းစီမံချက်တို့ကို အခြေခံ၍ ၎င်းလုပ်ငန်းစဉ်တို့နှင့် ညီညွတ်မှုရှိသည့် ဖွဲ့စည်းမှုဖြစ်စေရေး ထည့်သွင်းသုံးသပ်ရန်၊

(ဃ) MDI ကို အစိုးရ၏ လူမှု၊ စီးပွားဆိုင်ရာမူဝါဒများကို အထောက်အကူပြုစေမည့် Think Tank ပုံစံဖြင့် ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းရန်၊

( င ) MDI တွင် လိုအပ်သောဝန်ထမ်းများခန့်ထားရေးအတွက် ရာထူးအဆင့်၊ တာဝန်၊ ခံစားခွင့်များအပါအဝင် အကြံပြုတင်ပြရန်၊

